
www.dhammadownload.com




ကျေးဇူးတော်ရှင် အဂ္ဂမဟာပဏ္ဍိတ

## မိုးကုတ်ဆရာတော် ဘုရားကြီး

မိုးကုတ်မြို့၌ဟောကြားတော်မူသော တရားတော်

# ဉာဏ်ပညာကို ခေါင်းဆောင်ထားပါ

(ရှင်နန္ဒက)

၃၊၁၂၊၅၉

၈၁

www.dhammadownload.com

မိုးကုတ်ဝိပဿနာအဖွဲ့ချုပ်က
ဤစာအုပ်ကို ရိုက်နှိပ်ထုတ်ဝေပါသည်။

အမှတ် ၈၂၊ နတ်မောက်လမ်း၊ ရန်ကုန်မြို့
တွင် ရနိုင်ပါသည်။

ဖုန်း - ၅၄၁၈၆၀ , ၇၂၅၁၃၂

www.dhammadownload.com

ကျေးဇူးတော်ရှင် အဂ္ဂမဟာပဏ္ဍိတ

မိုးကုတ်ဆရာတော်ဘုရားကြီး

မိုးကုတ်မြို့၌ ဟောကြားတော်မူသောတရားတော်

# ဉာဏ်ပညာကို ခေါင်းဆောင်ထားပါ

ဟောကြားသည့်နေ့

(၃-၁၂-၅၉)

www.dhammadownload.com

စာမူခွင့်ပြုချက် အမှတ် - ၈၉/၂၀၀၀ (၂)
မျက်နှာဖုံးခွင့်ပြုချက်အမှတ် - ၁၂၅/၂၀၀၀ (၃)
အကြိမ် - ပထမအကြိမ်
အုပ်ရေ - ၃၀၀၀
ခုနှစ် - ၂၀၀၀ ခု၊ ဖေဖော်ဝါရီ
တန်ဖိုး - ၅၀ိ/-

ထုတ်ဝေသူ ဦးအောင်ချို၊ (မြ-၀၈၃၁)
မိုးကုတ်ဝိပဿနာတရားစဉ်နှင့်
လုပ်ငန်းစဉ် ပြန့်ပွားရေးအဖွဲ့ချုပ်။
အမှတ် ၈၂၊ နတ်မောက်လမ်း၊ ရန်ကုန်မြို့။
ဖုန်း - ၅၄၁၈၆၀

ပုံနှိပ်သူ ဦးဝင်းအောင် (မြ ၀၅၁၃၁)၊
သန်းထိုက်ရတနာပုံနှိပ်တိုက်၊
အမှတ် ၈၄/၈၆၊ လမ်း(၅၀)၊
ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း - ၂၉၈၆၇၄

www.dhammadownload.com

ကျေးဇူးတော်ရှင် အဂ္ဂမဟာပဏ္ဍိတ
မိုးကုတ်ဆရာတော်ဘုရားကြီး
မိုးကုတ်မြို့၌ဟောကြားသောတရားတော်

# "ဉာဏ်ပညာကို ခေါင်းဆောင်ထားပါ"

## (ရှင်နန္ဒက)

(၃-၁၂-၅၉)

ဒီကနေ့တဲ့ သာဝတ္ထိပြည် ဇေတဝန်ကျောင်း သီတင်းသုံးနေတဲ့အခါမှာ, အင်မတန်အမေးအမြန်းကောင်းတဲ့ ရဟန်းတစ်ပါးက မေးတယ်လို့, မှတ်ရမယ် . . . (မှန်ပါ့)။

လောကကြီးမှာ ဒီလူ့လောက, လူ့လောကကြီးရှိပါတယ်ဘုရား၊ သတ္တလောကကြီး သတ္တဝါတွေဆိုတာရှိကြပါတယ်။ အဲ့ဒီလောကကြီးကို ဘယ်သူသည် ဆွဲဆောင်ပြီး, သတ္တဝါတွေ ဟိုရောက်, ဒီရောက်, ရောက်ချင်သလိုရောက်နေတာ, သတ္တဝါဆိုတာ ရုပ်နာမ်ပါပဲ, ရုပ်နာမ်ကို သတ္တဝါပညတ်လိုက်ရင်, သတ္တဝါဖြစ်သွားတာပါပဲ။

အဲ့ဒီ ရုပ်နာမ်လောကကြီး ရုပ်နာမ်လောကဆိုတဲ့ သတ္တဝါပညတ်ကို ဘယ်သူဆွဲဆောင်တာနဲ့ ဒီရုပ်နာမ်လောကကြီးသည်, ဟိုအိမ်ပေါ်မှာ သွားပြီးသကာလ ရုပ်နာမ်ပေါ်လိုက်, ဒီအိမ်ပေါ်

www.dhammadownload.com



မှာ သွားရုပ်နာမ်ပေါ် လိုက် အပါယ်လေးပါးသွားရုပ်နာမ်ပေါ် လိုက်, တိရစ္ဆာန်ဘုံသွားပြီး တိရစ္ဆာန်ရုပ်နာမ်ပေါ် လိုက်၊ ဆွဲဆောင် တဲ့ တရားတော့ ရှိလိမ့်မယ်လို့ ထင်ပါတယ်ဘုရား။

အဲ့ဒီ ဆွဲဆောင်တဲ့တရားကို တပည့်တော်သိချင်ပါတယ်, ဆွဲဆောင်တဲ့ တရားကို သိချင်ပါတယ်, ရုပ်နာမ်လောကကြီး ဟိုရောက်သွား ဒီရောက်သွားအောင်, ဆွဲဆောင်နိုင်တဲ့ ဆွဲဆောင် တဲ့တရားတော့ ရှိလိမ့်မယ်လို့, တပည့်တော်ထင်ပါတယ်၊ အဲ့ဒီ ဆွဲဆောင်တဲ့တရား တပည့်တော်သိလိုပါတယ်၊ သဘော ကျပလား . . . (ကျပါတယ်)။

ရုပ်နာမ်လောကကြီး ဟိုရောက် ဒီရောက်, ရောက်ပြီး သကာလနေတာ, ဒကာ - ဒကာမတို့ ဆွဲဆောင်တဲ့တရားရှိလို့ ရောက်တာပဲ၊ အဲ့ဒီ ဆွဲဆောင်တဲ့တရားကို တပည့်တော် သိချင် ပါတယ်လို့ လျှောက်တယ် . . . (မှန်ပါ)။

## ၁။ ရုပ်နာမ်လောကကြီးကို ဘယ်သူကြိုးကိုင်နေပါသလဲဘုရား

အဲဒီရုပ်နာမ်လောကကြီးဟာ ဘယ်သူ့အလိုကို လိုက်နေ ရတယ်ဆိုတာလဲ တပည့်တော်သိချင်ပါတယ်ဘုရား။ အဲ့ဒါဖြင့် ရှင်းရှင်းလင်းလင်း အမိန့်ရှိပါလို့ စတုက္ကနိပါတ် အင်္ဂုတ္တိုရ်မှာ သေသေချာချာ, ဟောထားတယ် . . . (မှန်ပါ)။

www.dhammadownload.com



ဒါဖြင့် ဒကာဒကာမတို့ ရုပ်နာမ်လောကကြီးကို ဘယ်သူ ဆွဲဆောင်တယ်ဆိုတဲ့ဥစ္စာ ဘုရားသခင်ကိုယ်တော်မြတ်ကြီးက ၁-နံပါတ်အဖြေပေးလိုက်ပါတယ်။ ကွာတဲ့. . .

စိတ္တေန နီယျတေလောကော၊ စိတ္တေသ ပရိကဿတိ။

စိတ္တဿ ဧကဓမ္မဿ၊ သဗ္ဗေဝ ဝသ မန္ဂဂူ။

ဆိုပြီးဘုရား က ဟောလိုက်တယ်။ စိတ်ပါပဲကွာလို့ မှတ်လိုက်စမ်းပါ. . . (မှန်ပါ့)၊လောကကြီးကို ဆွဲဆောင်ပြီး ဆွဲဆောင်နေတာ ဘယ်သူပါလိမ့် ဒကာ ဒကာမတို့ (စိတ်ပါ)။ စိတ်ဟုတ်တယ် ဒကာ ဒကာမတို့။

လောကကြီးထဲမှာ စိတ်သည်ကား ဒီဘဝမှာလဲ ဟို ဆွဲဆောင် , ဒီဆွဲဆောင်၊ သံသရာခရီးမှာလဲ ဟိုဆွဲဆောင်, ဒီ ဆွဲဆောင်ဆိုတော့ -

ဩော်-လောကကြီးထဲ ဟိုရောက်, ဒီရောက် ဆွဲဆောင် သွားတာလဲ စိတ်ပဲ, ဟိုဘုံ, ဟိုဘဝ ဆွဲဆောင်သွားတာလဲ, စိတ်ပဲ, စိတ်အလိုကို သတ္တဝါတွေ လိုက်နေရတယ်လို့ ဘုရားက ဖြေလိုက်တယ်. . . (မှန်ပါ)။ ဒကာ ဒကာမတို့ ဘယ်သူ့အလို လိုက်နေတာတုံး. . . (စိတ်အလိုလိုက်နေရပါတယ်)။

တစ်နံပါတ်တဲ့ လောကကြီး ဘယ်သူ့အလို လိုက်နေရ သတုံး . . . ဘယ်သူဆွဲဆောင်ရာ လိုက်နေရပါသတုံး . . . (စိတ်ဆွဲဆောင်ရာ) စိတ်ဆွဲဆောင်ရာ လိုက်နေရ တယ်ဆိုတာ ဒကာ ဒကာမတွေ သဘောကျကြပါ. . . (ကျပါ တယ်)။

www.dhammadownload.com



## စိတ်အလိုကို သတ္တဝါတွေ လိုက်နေရတယ်

ဟုတ်တယ်တဲ့၊ အခုတရားနာလာကြတဲ့ ဒကာ ဒကာမတွေကြတော့ တရားနာသွားချင်တဲ့စိတ်ကလေး ဆွဲဆောင်ရာသို့ ကျန်တဲ့ရုပ်နာမ်တွေ လိုက်နေရတယ် . . . (မှန်ပါ)။ ဪ, ဒါ ဘယ်သူခေါင်းဆောင်ပါလိမ့်မလဲလို့ ဒကာ ဒကာမတွေ့ အမေးထုတ်ရင် ဖြေတတ်ပါပြီ. . . (ဖြေတတ်ပါတယ်ဘုရား)။

ဘယ်သူပါလိမ့် . . . (စိတ်ပါ)၊ စိတ်အလိုကို သတ္တဝါတွေ အကုန်လိုက်ပြီးသကာလ နေကြရတယ်နော်. . . (မှန်ပါ)။

အင်း . . . ခင်စရာ မင်စရာ ခင်တဲ့မင်တဲ့စိတ်ကလေး ဝမ်းထဲပေါ်လာလို့ရှိရင် တစ်ခါတည်း ခင်စရာ မင်စရာ ရှိတဲ့ဆီ သွားဖြစ်တာပဲ. . . (မှန်ပါ)။ ခင်တဲ့မင်တဲ့ စိတ်ကလေး အကြောင်းတိုက်ဆိုင်လို့ ပေါ်လာပြီဆိုမှဖြင့် ခင်ရာ မင်ရာရှိတဲ့ဆီ မသွားဖြစ်ဘူးလား. . . (သွားဖြစ်ပါတယ်)။

ဪ. . . စိတ်အလိုကို ကျန်တဲ့ရုပ်နာမ်က မလိုက်ရဘူးလား . . . (လိုက်ရပါတယ်)၊ လိုက်ရသည်ဆိုတော့ ယခု ပစ္စုပ္ပန်ဘဝမှာ ဒကာ ဒကာမတွေ စိတ်က, အင်း, ကုဋီသွားချင်တဲ့စိတ် ပေါ်လာရင် ကုဋီပဲရုပ်နာမ်ကြီးဟာ သွားကြရတယ်. . . ဟင် . . . (မှန်ပါ)။ ကုဋီက ပြန်ချင်ပြန်တဲ့စိတ် ပေါ်ပြန်လို့ရှိရင်လဲ ပြန်ချင်တဲ့ စိတ်နောက်ကို ရုပ်နာမ်ဟာ ဘယ့်နှယ်တုံး . . . (လိုက်ကြရပါတယ်)

www.dhammadownload.com



လိုက်ရတယ်တဲ့, ကုဋ္ဌိဆီမသွားဘဲနဲ့, ထမင်းဟင်းကို တောင်မှ ထမင်းပွဲထဲမှာ စိတ်က ဟိုဟင်း စားချင်တယ်ဆိုကဲ့ စိတ် ပေါ်လာလို့ရှိရင်ဖြင့် ကျန်တဲ့ရုပ်နာမ်တွေဟာ ဟိုဟင်းဆီပဲ ဖွန်းတို့ ပန်းကန်တို့နဲ့ကိုင်ပြီး မလိုက်ရဘူးလား. . . (လိုက်ရပါ တယ်)။

ဒါဖြင့် - အားလုံး ဒကာ ဒကာမတွေ ဘယ်သူ့အလိုကို ဘယ်သူ လိုက်နေရတယ်ဆိုတာဖြင့် သဘောကျပါပြီ. . . (ကျပါ ပြီဘုရား)။ ရုပ်နာမ်သည် ဘယ်သူ့အလို လိုက်နေရ. . . (စိတ် အလို လိုက်နေရပါတယ်)။

ဩော်-ဒါဖြင့် စိတ်အလို လိုက်နေရလို့ရှိရင်ဖြင့် ဒီစိတ် ကို ဒကာ ဒကာမတွေက နိုင်နိုင်နင်းနင်း သူသွားချင်တဲ့ဆီကို မသွားရအောင် အကျိုးရှိတဲ့ဆီကို သွားရအောင် အကျိုးမရှိတဲ့ဆီ ကို မသွားရအောင် ဒီစိတ်များ နိုင်မယ်ဆိုရင် နိဗ္ဗာန်ရောက်မယ် . . . (မှန်ပါ)။ သဘောကျလား . . . (ကျပါတယ်)။ ဒီစိတ်ကို နိုင်ရင် . . . (နိဗ္ဗာန်ရောက်ပါမယ်)။

ကောင်းပြီ ဒါဖြင့် ဩော်- ဒကာ ဒကာမတို့ ခင်ဗျားတို့ ထတိုင်း ထတိုင်း သတိထားလို့ရှိရင်ဖြင့် ဩော်-ဘယ်သူက ထ ခိုင်းလို့ ထပါလိမ့်မလဲဆိုတာလဲ, ပေါ်လာတယ် . . . (ပေါ်လ ပါတယ်ဘုရား)။

သွားတိုင်းသွားတိုင်း, အင်း - သတိထားလို့ရှိရင်ဖြင့်

www.dhammadownload.com



ဘယ်သူက သွားခိုင်းပါလိမ့်မတုံး . . (စိတ်က သွားခိုင်းတာပါ) ထိုင်တိုင်း ထိုင်တိုင်း သတိထားလို့ရှိရင် . . . (စိတ်က ထိုင်ခိုင်းတာပါ) စိတ်ကထိုင်ခိုင်းတယ် ကွေးတိုင်း ကွေးတိုင်း သတိထားရင် . . . (စိတ်ကကွေးခိုင်းတာပါ)၊ ဆန့်တိုင်း ဆန့်တိုင်း သတိထားရင်စိတ်က. . . ဆန့်ခိုင်းတာပါ)။

သြော်-ဒါဖြင့် စိတ်အလိုကို ကျန်တဲ့ရုပ်နာမ်တွေ လိုက်နေရတယ်လို့ဆိုတာ ဘုရားဟောတော်မူတာ မမှန်လား . . . (မှန်ပါတယ်)။ အဲဒီတော့ ဒကာ ဒကာမတို့ ဒီစိတ်ကို ဘုန်းကြီးတို့က ဒကာ ဒကာမတွေ သင်ပြန်တယ်, ကိုင်း စိတ်အလိုဖြင့် ဘုရားကလည်း ဟောထားတယ် စိတ်အလိုကို ကျန်တဲ့ရုပ်နာမ်တွေ လိုက်ပြီးသကာလနေရတယ်၊ စိတ်၏ ဩဇာအာဏာကိုပဲ မလွန်ဆန်နိုင်ဘဲနဲ့ ရုပ်နာမ်တွေသည်ကား ဆိုလို့ ရှိရင် တပည့်သဖွယ် နောက်ကနေပြီးသကာလ, ခိုင်းသလို လုပ်နေရတော့ ဒီရုပ်နာမ်ကြီးဟာ ဒကာ ဒကာမတို့အိမ်ပေါ် မှာ နေတဲ့ အခါမှာလဲ, အိမ်အောက်ဆင်းချင်တဲ့စိတ်ပေါ် ရင်လဲ အိမ်အောက်ကိုပဲ လိုက်ရတယ်. . . (မှန်ပါ)။

အိမ်ပေါ်ပြန်တက်ချင်တဲ့စိတ် ပေါ်လာပြန်ရင်လဲ . . . (အိမ်ပေါ်လိုက်ရပါတယ်ဘုရား)၊ အိမ်ပေါ်လိုက်ရပြန်တော့, ဒကာ ဒကာမတွေ ဒီစိတ်ကို မနိုင်နင်းသရွေ့ကာလပတ်လုံးဖြင့်, စိတ်ဆွဲဆောင်ရာသို့ ဒကာ ဒကာမတွေ အမော အပန်းခံပြီး

www.dhammadownload.com



သကာလ လိုက်ရတော့မယ်ဆိုတဲ့ဥစ္စာ ကေန်ပဲ . . . (မှန်ပါ)။ သဘောပါကြလား. . . (ပါ,ပါတယ်)။ ဘယ်သူဆွဲဆောင်ရာ လိုက်နေတာလဲ . . . (စိတ်ဆွဲဆောင်ရာ လိုက်နေရပါတယ်)။

ကိုင်း- ဒါဖြင့် စိတ်ကတော့ဖြင့် ဆွဲဆောင်ချင်တာ သူ အမှန်ပဲ၊ သူ့ပင်ကိုသတ္တိကဖြင့် ဆွဲဆောင်ရာ ဒီကျန်တဲ့ရုပ်နာမ် တွေ လိုက်နေရတယ်ဆိုတာ ရှင်းရှင်းလင်းလင်းသိပြီးသည် အခြားမဲ့၌ . . .။

ကိုင်း-မင်းသည်ကားလို့ဆိုလို့ရှိရင်, မင်းဆွဲဆောင်ရာ ကျန်တဲ့ရုပ်နာမ်တွေ လိုက်ရလို့ရှိရင်ဖြင့် မင်းသည်ကားလို့ ဆိုလို့ ရှိရင်ဖြင့် မင်းကိုမနိုင်, နိုင်အောင် ကောင်းတဲ့ဆီကိုသာ မင်းဆွဲ ဆောင်စေမယ်, မကောင်းတဲ့ဆီကို မဆွဲဆောင်စေဘူးဆိုလို့ရှိ ရင်လဲ ဖြစ်ပါသေးတယ်. . . (မှန်ပါ)။ သဘောကျလား. . . (ကျပါတယ်)။

## စိတ်ကအဓိပတိဖြစ်နေလို့

အဲဒါ ဘာကို အဓိပတိထားပြီး ပြောလိုက်ပါလိမ့်မတုံး ဆိုတော့ စိတ်ကအဓိပတိဖြစ်တဲ့အခါ ဟောတာလို့ ပဋ္ဌာန်းနည်း နဲ့ မှတ်လိုက်စမ်း. . . (မှန်ပါ့)၊ စိတ်က အဓိပတိဖြစ်တဲ့အခါကျ တော့ စိတ်ဆွဲဆောင်ရာကို သတ္တဝါကလိုက်ရတယ်. . . (မှန်ပါ)။

www.dhammadownload.com



ကိုင်း-တစ်ခါ ဘုန်းကြီးတို့က ပဋ္ဌာန်းနည်းနဲ့သွင်းပြီး ဒါက အင်္ဂုတ္တိုရ်ဟောတာ၊ ပဋ္ဌာန်းနည်းနဲ့သွင်းပြီး ဒကာ ဒကာမတွေ ဟောလိုက်မယ်ဆိုလို့ရှိရင်လဲ,. . . ဟာဆွဲဆောင်ရာမလိုက်ဘူး ဘုရား။

တပည့်တော်တို့ ပညာဆွဲဆောင်ရာလိုက်မယ်လို့ ပညာကို အဓိပတိထားလိုက်မယ်ဆိုလို့ရှိရင်လဲ မောင်နိုင်တို့ ကိုမြင့်တို့ ပညာနောက်ကို စိတ်လိုက်ရမယ်. . . (မှန်ပါ)။ သဘောကျလား . . . (ကျပါတယ်)။ ဘယ်သူ့နောက်လိုက်ရမလဲ . . . (ပညာနောက်လိုက်ရပါမယ်)။

အင်း-စိတ်ကို အဓိပတိထားလို့ရှိရင်လဲ, စိတ်ဆွဲဆောင်ရာကိုဘဲ ကျန်တဲ့ရုပ်နာမ် လိုက်ရတော့မယ်. . . (မှန်ပါ)။ ပညာကို အဓိပတိထားလိုက်ပြန်လို့ရှိရင်လဲ. . . (ပညာနောက်လိုက်ရပါမယ်)။

ပညာနောက် လိုက်ရမယ်ဆိုတော့ ဘုန်းကြီးတို့က သင်ချင်တာက ဒကာ ဒကာမတို့ လောကကြီးထဲ စိတ်ဆောင်နေတာ, သူဆောင်ရာ, ကျုပ်တို့လိုက်နေကြမယ်ဆိုလို့ရှိရင်ဖြင့်, အိမ်မှာသာထိုင်နေလို့ရှိရင် အား ကြတော့မှာ မဟုတ်ဘူး (မှန်ပါ)။ အားနိုင်စရာ မြင်သေးရဲ့လား (မမြင်ပါဘုရား)။

ဒကာ ဒကာမတို့ အိမ်မှာထိုင်ပြီးသကာလ, ခဏလေးမှ ထိုင်ခွင့်မရအောင်, စိတ်ကများ ဆွဲဆောင်ပြီး သကာလ, တစ်နေ့

www.dhammadownload.com



လုံး မအားအောင်များ, လုပ်ထားလိုက်တဲ့ဖြစ်ခြင်းဟာ ဘယ်သူ ပါလိမ့် . . . (စိတ်ပါ)။

ဪ. . . ခင်ဗျားတို့ လျှာထွက်ပြီး ဟတ်ထိုးမလဲတာ ကံကောင်းပေါ့ဗျာ . . . (မှန်ပါ)။ လျှာထွက်ပြီး သကာလ ဟတ်ထိုးမလဲတာ ကံကောင်းပါပဲလို့ ဘုန်းကြီးက သတိပေးလိုက်တယ်. . . (မှန်ပါ)။ စိတ်ကမြန်လိုက်တာကလဲ လွန်လို့. . . (မှန်ပါ)။ အင်း ခဏ ခဏ ပြောင်းလဲလိုက်တာကလဲ (အမြန်ပါ)၊ အင်း, ပြောင်းလဲလိုက်တာကလဲ အင်မတန် မြန်, ဖြစ်ပေါ်တာကလဲ . . . (အမြန်ပါ)။ အင်း-သူ့မြန်သလောက် ကျန်တဲ့ရုပ်နာမ် လိုက်ရမယ်ဆိုရင်, လျှာထွက်ဟတ်ထိုးလဲပြီး သေဖို့ပဲ. . . (မှန်ပါ) သဘောကျလား. . . (ကျပါတယ်)။

ကိုင်း-ဒါဖြင့် ဒကာ ဒကာမတို့ ဒီနေရာကနေပြီး စိတ်ကလေး တစ်ခုကနေ, အံမယ်မယ် မိုးကုတ်မြို့ တစ်မြို့လုံး ပတ်သွားလိုက်တာရှိသေးတယ်. . . (မှန်ပါ)။ မရှိဘူးလား. . . (ရှိပါတယ်)။ အဲ့ဒီနောက်ကိုလဲ ကျန်တဲ့ရုပ်နာမ်လိုက်ရမယ်ဆိုလို့ ရှိရင်လဲ, ကျုပ်, လူမောတာကိစ္စမရှိဘူး၊ စိတ်မောတာ ခက်တယ် ဆိုတာလဲ ပြောနေကြတာပါပဲ. . . (မှန်ပါ)။ မပြောကြလား. . . (ပြောကြပါတယ်)။

ကဲ-ဒါဖြင့် စိတ်အလိုကို ကျန်တဲ့ရုပ်နာမ်က ဘယ့်နှယ်နေကြ (မလိုက်နိုင်ပါဘူး)။ မလိုက်နိုင်ဘူးဆိုပေမယ့်လဲ , လိုက်နေ

www.dhammadownload.com



ကြတယ်. . . (မှန်ပါ)။ မလိုက်နိုင်ဖို့ အခြေအနေလဲရှိသား၊ သူက သိပ်မြန်တယ် (မှန်ပါ)။

စိတ်ကူးကလဲ သိပ်ပြီးပြောင်းလွဲတယ်, အင်း, သူ့နောက်ကိုပဲ ကျန်တဲ့ရုပ်နာမ်လိုက်ရမယ်ဆိုရင်ဖြင့် ခုနပြောတဲ့ လျှာထွက်ဟတ်ထိုးလဲတဲ့ဇာတ်, ခင်းရဲတော့မယ်. . . (မှန်ပါ)၊ မခင်းရဘူးလား. . . (ခင်းရပါတယ်)။

အဲ့ဒါကြောင့် ဒကာ - ဒကာမတွေ ယနေ့ သတိပေးလိုတာက ဒကာ , ဒကာမတို့ ဒါဘုရားသခင်ကိုယ်တော်မြတ်ကြီးက သုတ္တန်နည်းနဲ့ဟောတာလို့, အင်္ဂုတ္တိုရ်ဆိုတာ သုတ္တန်နော်. . . (မှန်ပါ)။

အဘိဓမ္မာနည်းနဲ့ ဘုန်းကြီးတို့က ကိုင်း မင်းစိတ်ဟာမင်းဟာမင်း၊ မင်းသည်ကားလို့ဆိုရင်ဖြင့်, ဒီလို စိတ်နောက်ကိုတစ်ခါတည်း လိုက်နေရမယ်ဆိုရင် သုံးဆယ့်တစ်ဘုံထဲမှာဖြင့် ဘုံသုံးရုပ်ချန်ပြီးသကာလ, ကျန်တာ အနှံ့အပြား သွားနေမှာဘဲ (မှန်ပါ)။ မသွားပေလား. . . (သွားပါတယ်)။

သွားတော့ ဒကာ ဒကာမတွေ အမျိုးမျိုး သုံးဆယ့်တစ်ဘုံထဲမှာ ဂွမ်းထိုးမှောက်ခုံဆိုသလိုပဲ, အိုပွဲ, နာပွဲ, သေပွဲတွေ အမျိုးမျိုးခင်းရတာ စိတ်ဆွဲခေါ်ရာ လိုက်နေလို့ ဆိုလို့ရှိရင်ဖြင့် မမှားပါဘူး. . . (မမှားပါဘူး)၊ သဘောကျပလား. . . (ကျပါတယ်ဘုရား)။

www.dhammadownload.com



## ဉာဏ်ပညာဆွဲဆောင်ရာလိုက်ကြစမ်းပါ

ဒါဖြင့် ဒီနေ့ ဆရာဘုန်းကြီးက ဒကာ ဒကာမတို့ ဉာဏ်ဆွဲဆောင်ရာ, ပညာဆွဲဆောင်ရာ, လိုက်ကြစမ်းပါလို့ သတိပေးလိုက်ပါတယ် . . . (မှန်ပါ)။ သဘောကျလား . . (ကျပါတယ်) ဘယ်သူဆွဲဆောင်ရာ လိုက်ရမယ် . . . (ပညာဆွဲဆောင်ရာ လိုက်ရပါမယ်)။

အဲဒီလိုဆိုတော့ စိတ္တာဓိပတိကို ဖြုတ်ပြီးသကာလ, ဝီမံသာဓိပတိဆိုတဲ့ ပညာကို, ပညာဉာဏ်ကို အဓိပတိထားလိုက်လို့ရှိရင် ကျုပ်တို့အလိုကို စိတ်လိုက်ရမယ် . . . (မှန်ပါ)။ နို့မို့ရင် စိတ်အလိုကို ကျုပ်တို့က လိုက်ရမယ် . . . (မှန်ပါ)။

ဒါဖြင့် ဒကာ ဒကာမတို့ စိတ်အလိုလိုက်နေရင်ဖြင့် အားပါဦးမလား . . . (မအားပါဘူး)၊ ပညာအလိုကို လိုက်မယ်ဆို သံသရာစခန်းသတ်မယ် . . . (မှန်ပါ) ပညာအလိုလိုက်မယ်ဆို . . . (သံသရာစခန်းသတ်ပါမယ်)၊ စိတ်အလိုလိုက်မယ်ဆို (မအားပါဘူး)။

မအားမလပ်ပဲ ပြေးလွှားနေကြရလိမ့်မယ်ဆိုတာဖြင့် မငြင်းမဆန်ဘဲနဲ့ အမှန်ဘဲ, ထားကြပါတော့ . . . (မှန်ပါ)၊ သဘောပါလား . . . (ပါ-ပါတယ်)။

ကောင်းပြီ ဒါဖြင့် လောကကြီး ဘယ်သူဆောင်သတုံးဆိုတာကော ပေါ်သေးဘူးလား . . . (ပေါ်ပါတယ်)။ ဘယ်သူ

www.dhammadownload.com



ဆောင်တုံး . . . (စိတ်ပါ)။ အင်း-စိတ်ဆောင်နေတဲ့ဥစ္စာကို ကျုပ်တို့က ပြောင်းကြစို့ (မှန်ပါ)။

ဘာဆောင်ရာကို ကျုပ်တို့သည်ကားလို့ဆိုရင် ဘာခေါင်းဆောင်ထားမှ တော်မည်ဆိုတာကော, ပေါ်လာပါပြီ (ပေါ်ပါပြီ)။ ဘယ်သူ့ခေါင်းဆောင်ထား . . . (ဉာဏ်ခေါင်းဆောင်ထားရပါမယ်) အင်း-ဉာဏ်ပညာ ခေါင်းဆောင်ထားကြစို့ . . . (မှန်ပါ)။ ရှင်းပြီလား . . . (ရှင်းပါပြီ)။

## ဉာဏ်ပညာကိုခေါင်းဆောင်ထားကြပါ

ကောင်းပြီ ဉာဏ်ပညာခေါင်းဆောင့်ထားကြစို ဆုံတော့ ကိုင်း ဒကာ,ဒကာမတွေ ဉာဏ်ပညာ, မင်း, စိတ်ကို တစ်ခါတည်း မင်းဘယ်မှ မပြေးရဘူး၊ ပညာဦးညွှန်တဲ့ဆီကိုသာ မင်းသည် သဟဇာတ်အဖြစ်နဲ့ ပါပြီးသကာလ လိုက်ရမယ်ဆိုပြီးသကာလ ဒကာဒကာမတွေက ခန္ဓာကိုယ်ပေါ်မှာဉာဏ်နဲ့ တစ်ခါတည်း ဦးစီးပြီးသကာလ, ကြည့်နေ။

ဉာဏ်ဦးစီးပြီးသကာလ်မောင်နိုင်တို့ ကိုမြင့်တို့ကြည့် နေစမ်း၊(မှန်ပါ) ကြည့်နေပြီဆိုမှဖြင့် ကြည့်နေပြီဆိုမှဖြင့် ဒကာဒကာမတွေခန္ဓာကိုယ်က ပြောလိမ့်မယ်၊ . . . (မှန်ပါ)။

ခန္ဓာကိုယ်ကဖေါက်ပြန်တတ်တဲ့ သဘောရှိသောကြောင့် ဖေါက်ပြန်တာဘဲပြောလိမ့်မယ်၊. . . (မှန်ပါ) ခန္ဓာကိုယ်က

www.dhammadownload.com



ဘာပြောမယ်ထင်၊ . . . (ဖေါက်ပြန်တာဘဲပြောမှာပါ) ။ ဖေါက်ပြန်တတ်တဲ့သဘောဟာ, သူ့ပင်ကိုရှိပြီးသား၊. . . (မှန်ပါ)။

"ရုပ္ပနလက္ခဏာရုပ်"ဆိုတဲ့အတိုင်း ရုပ်ကလဲဖောက်ပြန်တာဘဲ. . . (မှန်ပါ) "ဝိပရိနာမလက္ခဏာဒုက္ခသစ္စာ" ဆိုတဲ့အတိုင်းရုပ်နာမ်ကလဲ လောကီရုပ်နာမ် ချည်းဖြစ်နေတော့ ဝိပရိဏာမဆိုတဲ့ ဖေါက်ပြန်မှုတွေသာသူ့ရှိနေတယ်၊ . . . (မှန်ပါ)။

## ဉာဏ်ပညာ အဓိပတိထားပါ

အဲ့ဒီဖောက်ပြန်မှုရှိတဲ့ဆီ ဉာဏ်ဦးစီးပြီသကာလ, စိတ်ကိုလဲစိတ်တော့မပါသေးဘူး, မပါပေမဲ့ စိတ်အပေါ်မှာ ဉာဏ်ကအဓိပတိဦးစီးပြီးသကာလ, ကိုမြင့်တို့ မောင်နိုင်တို့က ဒီခန္ဓာပေါ်လှည့်ထားလိုက်ကြစမ်းပါ၊ (မှန်ပါ)

လှည့်ထားလိုက်တဲ့အခါကြလို့ရှိရင်, စိတ်ကဘယ်မှ မပြေးရတော့ခန္ဓာဘက်မှာပဲသူ့လှည့်နေရတယ်၊ ပညာကခေါင်းဆောင်ပြီးသကာလ ဆင်ချွန်းနဲ့အုပ်ပြီး သကာလ ထားသလို, ဒီစိတ်ဟာ ဒကာ ဒကာမတို့ပြေးချင်တဲ့ဆီ သွားချင်တဲ့ဆီ သူ့ခေါင်းဆောင် မယ့်ဆီကို ကျုပ်တို့ကမပေးဘဲနဲ့ ကျုပ်တို့က သူ့အပေါ်မှာ နိုင်နင်းပြီးသကာလ, ခန္ဓာပေါ်၌သာ သူ့ကိုလွှတ်ပေး၊ (မှန်ပါ)။ ပညာဦးစီးပြီး လွှတ်ပေးလိုက်စမ်းပါ။ . . . (မှန်ပါ)။ သဘောကျလား၊ (ကျပါတယ်)။

www.dhammadownload.com



ပညာဦးစီးပြီး လွှတ်ပေးလိုက်ပြီဆိုမှဖြင့် ခန္ဓာကသူပြော နေကျသဘောဘဲ သူပြောရမယ်လို့ ကိုမြင့်တို့ မောင်နိုင်တို့မှတ် ရမယ်၊ . . . (မှန်ပါ)။ သူကဘယ်လိုပြောမလဲ၊ . . . (ပြောနေကျ ပြောမှာပါ) ပြောနေကျအတိုင်း ပြောမယ်၊ . . . (မှန်ပါ)။

သူပြောနေကျက ဘယ်လိုများပြောလေ့ရှိမတုံးဆို တော့ ရုပ်တရားကလဲ ဖေါက်ပြန်တာဘဲပြောမယ်၊ . . . (မှန်ပါ)။ နာမ်တရားကလဲ၊ (ဖေါက်ပြန်တာဘဲ ပြောမှာပါ)။

ဖေါက်ပြန်တာဘဲပြောတော့ ဘုန်းကြီးတို့ ဒကာ ဒကာမ တွေက ဩော်- စိတ်အပေါ်မှာ ပညာကဦးစီးပြီးသကာလ စိတ်ကဖေါက်ပြန်တာမမြင်ဘူး၊ တည့်သာထားရတယ်။ . . . (မှန်ပါ)။

ပညာကမှ ဖေါက်ပြန်ပျက်စီးတာမြင်တော့ ပညာကို အဓိ ပတိထားပြီးသကာလ, ဒကာ ဒကာမတွေက ခန္ဓာပေါ်လှည့်ထား လို့ရှိရင်ဖြင့် ပညာနဲ့သာကြည့်ပြီးသကာလ နေကြမယ်ဆိုလို့ရှိရင် ဖြင့်တဲ့ ဖေါက်ပြန်တဲ့ဒုက္ခသစ္စာ တေန်တွေ့ရမယ်၊ . . . (မှန်ပါ)။ ဖေါက်ပြန်တဲ့ ဒုက္ခသစ္စာ ဘာပါလိမ့် . . . (ေကန်တွေ့ရပါမယ်)။

အဲ့ဒီတော့ ဒကာ ဒကာမတို့ အိမ်ရောက်တဲ့အခါမှာဖြစ် စေ, ဘယ်မှာဖြစ်စေ, ကိုင်းစိတ်ဆောင်ရာ မသွားဘူးပေါ့ကွာ, စိတ်က တောင်သွားခိုင်းတယ်, မသွားဘူးကွာ မြောက်သွားခိုင်း တယ်, မသွားဘူးကွာ, ပညာခေါင်းဆောင်, ငါလှည့်ပြောင်းပြီး

www.dhammadownload.com



ဆရာဘုန်းကြီး ကပြောတယ်, စိတ်သာအဓိပတိ ဖြစ်နိုင်တာ မဟုတ်ဘူး, ခေါင်းဆောင်လုပ်နိုင်တာမဟုတ်သေးဘူး၊ ပညာ အဓိပတိကလဲ ခေါင်းဆောင်နိုင်တယ်ဆိုတာ ဘုရားဟော ထားတာ, အဓိပတိပစ္စယောမှာ ဆန္ဒာဓိပတိ, ဝီရိယာဓိပတိ, စိတ္တာဓိပတိ, ဝီမံသာဓိပတိဆိုတဲ့ ပညာကို အဓိပတိပါနေတဲ့ အတွက် ပညာကိုခေါင်းဆောင်ထား လိုက်မယ်ဆိုလို့ရှိရင်ဖြင့် ဒကာ ဒကာမတို့ မဂ်ဉာဏ် ဖိုလ်ဉာဏ် ရပါလိမ့်မယ်၊ . . . (မှန်ပါ)။

ပညာခေါင်းဆောင်ထားလိုက်ရင်၊ . . . (မဂ်ဉာဏ်ဖိုလ် ဉာဏ်ရမှာပါ)။ မဂ်ဉာဏ်ဖိုလ်ဉာဏ်ဘယ့်နှယ်ကြောင့် ရမတုံးလို့ ဆိုတော့ ပညာခေါင်းဆောင်ထားပြီးသကာလ, ခန္ဓာကြည့်၊ . . . (မှန်ပါ)။ ပညာခေါင်းဆောင်ထားပြီး၊ . . . (ခန္ဓာကြည့်ရမှာပါ)။

အဲ-ခန္ဓာကြည့်လိုက်တဲ့အခါကြတော့ ခန္ဓာမှာ ပင်ကိုသ ဘောကဘာသဘောရှိတယ်ဆိုတာ မောင်နိုင်တို့စဉ်းစားစမ်း၊ . . . (ဖေါက်ပြန်တတ်တဲ့သဘောရှိပါတယ်)၊ ဖေါင်ပြန်တတ်တာ ချည်း မတွေ့ရဘူးလား၊ . . . (တွေ့ရပါတယ်)။

အဲ့ဒါကတစ်ခါတည်း စိတ်ကလေးခေါင်းနှိမ်ပြီးသကာလ, ပညာနဲ့ခေါင်းနှိမ်ပြီးသကာလ, ကျုပ်တို့ကိုဆွဲဆောင်မလို့ သံသရာ ဆွဲဆောင်မလို့ လာတဲ့စိတ်ကို ပညာဦးစီးပြီး ခေါင်းဆောင်ထား ပြီဆိုမှဖြင့် ကဲမင်းဘယ်မှမပြေးရတော့ဘူး, မင်းအပေါ်မှာ

www.dhammadownload.com



ပညာအုပ်ချုပ်ထားပြီ, မင်းခန္ဓာပေါ် သာလှည့်ပေတော့ဆိုတော့ စိတ်ကလဲခန္ဓာပေါ် လှည့်, ပညာဟာက ချုပ်ထားတဲ့အတွက်, ဘယ်မှလဲသူမပြေးနိုင်တော့ဘူး။ခန္ဓာကလဲ ဖေါက်ပြန် ပျက်စီးတဲ့ သဘောတွေ ပြောနေသောကြောင့် ဒကာ ဒကာမတို့ ဒုက္ခသစ္စာ အပေါ်၌ စိတ်ရော, ပညာရောသာ လှည့်လိုက်ပါ၊. . . (မှန်ပါ)။ သဘောကျလား၊. . . (ကျပါတယ်)။

ဘယ်သစ္စာအပေါ်၌ လှည့်ရမယ်၊ . . . (ဒုက္ခသစ္စာအပေါ်၌ လှည့်ရပါမယ်)။ ဒုက္ခသစ္စာအပေါ်၌ စိတ်ကိုလဲ၊ . . . (လှည့်)။ ဦးစီးတဲ့ပညာရော၊ . . . (လှည့်ရမှာပါ)။

အင်း-အဲ့ဒီတော့ စိတ်ကသူသွားချင်တဲ့ဆီသွားနိုင်သေးရဲ့လား(မသွားနိုင်ပါဘူး)။ မသွားနိုင်ဘူး ပညာကခေါင်းဆောင်ထားတဲ့, အတွက် ခန္ဓာပေါ်မှာဘဲ လျှောက်ပြီးသွားနေတယ်၊. . . (မှန်ပါ)။ သွားနေတော့ ခန္ဓာကလဲ ပြောနေကျ ဝိပရိဏာမ ဒုက္ခသစ္စာတွေ ခန္ဓာကလဲ, မပြဘူးလား၊ . . . (ပြပါတယ်)။

အဲ့ ဒါကြောင့် ဒုက္ခသစ္စာဆိုတာ ဒကာ ဒကာမတို့ အစစ်ကိုအမှန်ပြောပါရစေ- ဆိုလို့ရှိရင်ဖြင့် ဖြစ်ပျက်ဟာ ဒုက္ခသစ္စာမှတ်၊ . . . (မှန်ပါ)။ စိတ်ဖြစ်ပျက်ဟာ၊ . . . (ဒုက္ခသစ္စာပါ) ။ရုပ်ဖြစ်ပျက်ဟာ၊ . . . (ဒုက္ခသစ္စာပါ)။ ဝေဒနာဖြစ်ပျက်ဟာ . . . (ဒုက္ခသစ္စာပါ)။ သညာဖြစ်ပျက်ဟာ၊ . . . (ဒုက္ခသစ္စာပါ)။ စေတနာဖြစ်ပျက်ဟာ ၊ (ဒုက္ခသစ္စာပါ)

www.dhammadownload.com



## နာကျင်ကိုက်ခဲတာ ဒုက္ခသစ္စာမဟုတ်ဘူး

အဲ - အင်္ဂုတ္တိုရ်က ဒီတိုင်းဟောတော့, အို - ဒုက္ခသစ္စာ မင်းတို့ဒီထဲရှာမနေနဲ့၊ ခဏခဏ ပင်ကိုသဘောလေး, စွန့်စွန့်သွားတော့, ပေါ်လာလိုက်, သူ့သဘောစွန့်သွားလိုက်၊ ဝေဒနာက, ဝေဒနာသဘောစွန့်သွား၊ (မှန်ပါ)။ သညာက၊ . . . (သညာသဘောစွန့်သွားပါတယ်) ။ အင်း - သင်္ခါရက၊ . . . (သင်္ခါရသဘောကိုစွန့်သွားပါတယ်) ။ အင်း-စိတ်က (စိတ်သဘောစွန့်သွားပါတယ်) ရုပ်က၊ . . . (ရုပ်သဘောစွန့်သွားပါတယ်)။ အဲ့ဒါ ဒုက္ခသစ္စာကွတဲ့, မင်းတို့တခြားရှာမနေနဲ့, နာကျင်တာ, ကိုက်ခဲတာ ဒုက္ခသစ္စာ မဟုတ်ဘူးကွ, အဲ့ဒါတိရစ္ဆာန်သိတဲ့ ဒုက္ခသစ္စာ၊ . . . ( မှန်ပါ)။

## ပင်ကိုသဘောစွန့်တာမှ ဒုက္ခသစ္စာ

ပင်ကိုသဘောစွန့်တာကလေးဟာ ဒုက္ခသစ္စာလို့ မင်းတို့ ပညာဦးစီးပြီးသကာလ, စိတ်ကိုဒီနေရာ မရောက်ရောက်အောင် ခိုင်းလို့ရှိရင်ဖြင့်, မင်းတို့ခန္ဓာကိုယ်ထဲမှာ ဒုက္ခသစ္စာမှတစ်ပါး ဘာမှ မရှိဘူးဆိုတဲ့ဉာဏ်ဟာ မပေါ်ပါနဲ့ဆိုလို့ နေနိုင်သေးရဲ့လား၊ . . . (မနေနိုင်ပါ)။

ဒီလိုဆိုရင်ဖြင့် စိတ်ဟာ ပညာဆွဲဆောင်ရာ လိုက်နေရတယ်. . . (မှန်ပါ)။ သဘောကျလား၊ . . . (ကျပါတယ်)။ စိတ်

www.dhammadownload.com



ဟာ ဘာယ်သူ့ဆွဲဆောင်ရာ၊ . . . (ပညာဆွဲဆောင်ရာ လိုက်နေရပါတယ်)။

ဒါဖြင့် ဒီနေ့ ဒကာဒကာမတွေ အလုပ်တရားပဲ စ,ဟော နေတယ်ဆိုတာ မှတ်လိုက်စမ်းပါ။ . . . (မှန်ပါ)၊ ပညာဦးစီးပြီး သကာလ ခင်ဗျားတို့ စိတ်ဟာ ခန္ဓာကိုယ်ပေါ်မှာသာ လွှတ်ပါ တော့လို့ သတိပေးလိုက်တယ်၊ . . . (မှန်ပါ)။ ပညာဦးစီးပြီး စိတ်ကိုဘာယ်လွှတ်ရမယ်၊ . . . (ခန္ဓာပေါ်မှာလွှတ်ရမှာပါ)။ ခန္ဓာပေါ် လွှတ်လိုက်တော့ ခန္ဓာကဘာတွေများပြောပါလိမ့်မယ်ထင်. . . (ဖေါက်ပြန်တဲ့သဘောကိုပြောမှာပါ)။

ဖေါက်ပြန်တယ်သိတာ ဘာသစ္စာ၊ . . . (ဒုက္ခသစ္စာပါ)။ ဟော- ဒုက္ခသစ္စာမို့ မောင်နိုင်တို့ ကိုမြင့်တို့ ဒုက္ခသစ္စာပဲ ပြောစရာရှိတယ်၊ . . . (မှန်ပါ)။ ဒီ့ပြင်ဘာရှိသေးလဲ၊ . . . (မရှိပါ)။ မရှိတော့ဒကာ ဒကာမတို့သည်တဲ့, ဟော- ဖေါက်ပြန်ပျက်စီးတာက ဒုက္ခသစ္စာဟုတ်လား၊ . . . (မှန်ပါ)။

## မြင်နေတာကမဂ္ဂသစ္စာ

ဖေါက်ပြန်ပျက်စီးတာ မြင်နေတာလေးသည်ကားဆိုရင် ပညာမဂ္ဂသစ္စာဆိုတော့, ဟော - ခန္ဓာပေါ်ကို စိတ်ကိုလွှတ်လိုက်, ပညာဦးစီးပြီးလွှတ်လိုက်ပြီဆိုမှဖြင့်လဲ စိတ်ဆွဲဆောင်ရာသို့ မ

www.dhammadownload.com



လိုက်ပဲနဲ့ ပညာဆွဲဆောင်ရာဖြစ်တဲ့ ဒုက္ခသစ္စာကိုသာ ပိုင်ပိုင်နိုင်နိုင်သိသောကြောင့် နောက်ဆုံးပိတ်ပညာက နိရောဓသစ္စာမပို့ပေးလား၊ . . . (ပို့ပါတယ်)။ မသေချာဘူးလား၊ (သေချာပါတယ်)

အဲ့ဒါကြောင့် အလုပ်ထိုင်တဲ့ ဒကာ ဒကာမတွေများ စိတ်ဆွဲဆောင်ရာ မလိုက်ပဲနဲ့ ပညာဆွဲဆောင်ရာကိုဖြင့် လိုက်ဖြစ်အောင်လိုက်ပါဆိုပြီး, ခန္ဓာပေါ်မှာသာ လှည့်ထား၊ . . . (မှန်ပါ)။ ရှင်းပြီလား၊ . . . (ရှင်းပါတယ်)။ ကောင်းပြီ ဒါဖြင့် ခန္ဓာပေါ်မှာ လှည့်လိုက်တော့ ဖြစ်ပျက်ဒုက္ခသစ္စာမှတစ်ပါး ဘာများတွေ့စရာရှိသေးလဲ၊ . . . ( ဘာမှတွေ့စရာမရှိပါ)။

အင်း - ဒီလိုဆိုလို့ရှိရင်ဖြင့် ဒုက္ခသစ္စာပိုင်းခြားတဲ့ မဂ္ဂသစ္စာပညာဟာမသေချာဘူးလား၊ . . . (သေချာပါတယ်)။ အင်း သေချာလို့ရှိရင် ဒကာ - ဒကာမတို့ နိရောဓသစ္စာဟာ ကပ်နေပြီ၊ . . . (မှန်ပါ)။

ဒုက္ခသစ္စာချုပ်လို့ရှိရင်, နိရောဓသစ္စာပေါ်ရတော့မယ်၊ . . . (ပေါ်ရမှာပါ)။ ပေါ်ရမှာဖြစ်သောကြောင့် နက်ဖြန်ကစပြီး အလုပ်ထိုင်မည့် ဒကာဒကာမတွေ အိမ်မှာ ထိုင်ချင်ထိုင်, ဒီမှာပဲ လာထိုင်ကြထိုင်ကြ, ကိုင်း စိတ်အပေါ်မှာ ပညာဦးစီးပြီးသကာလ ခန္ဓာပေါ်မှာလှည့်ပါတော့မယ်ဆိုပြီး လှည့်ထားပါ၊ . . . (မှန်ပါ)။ သဘောကျလား . . . (ကျပါတယ်)။

---

www.dhammadownload.com



စိတ်သွားချင်တဲ့ဆီကို ကျုပ်တို့က မသွားဘဲနဲ့ စိတ်အပေါ်မှာ အုပ်ချုပ်တဲ့ပညာ ခိုင်းရာကိုသာ ဒီစိတ်လွှတ်ပေး (မှန်ပါ) စိတ်ပေါ်မှာ ပညာဦးစီးပြီးသကာလ, ခန္ဓာပေါ် လှည့်လိုက်၊ . . . (မှန်ပါ) သဘောကျလား (ကျပါတယ်)။

ဤကဲ့သို့ လှည့်လိုက်လို့ရှိရင်ဖြင့် ခန္ဓာက ဘာပြောလိမ့်မယ်ထင် (ဖေါက်ပြန်ပျက်စီးတာ ပြောမှာပါ)။ ဖေါက်ပြန်ပျက်စီးတာဘဲ ပြောမယ်, ဖေါက်ပြန်တယ်ဆိုတာ ပင်ကိုသဘောစွန့်တာ . . . (မှန်ပါ)။

ဝေဒနာဟာ သူ့ဝေဒနာသဘော စွန့်တယ် . . . (မှန်ပါ) သညာကကော . . . (သညာသဘောစွန့်ပါတယ်) အင်း စေတနာက . . . (စေတနာသဘောစွန့်ပါတယ်) စိတ်ဟာ . . . (စိတ်သဘောစွန့်ပါတယ်) စိတ်သဘောစွန့်တော့ စွန့်တာကလေးတွေချည်း ကျုပ်တို့မမြင်ပေဘူးလား . . . (မြင်ပါတယ်)။

## ခန္ဓာထဲမှာ အားကိုးစရာမရှိ

အဲ့ဒီလို မြင်လာတဲ့ အခါကျလို့ရှိရင်, ဩော် ခန္ဓာကိုယ်ထဲမှာ ဘယ်ဟာဘာမှ ကိုးစားရာ, အားထားရာ မရှိပါကလား. ပင်ကိုသဘောစွန့်နေတာတွေသာ တွေ့နေပါကလား ဆိုလို့ရှိရင် တဏှာ, မာန, ဒိဋ္ဌိ ချုပ်သွားလိမ့်မယ် (မှန်ပါ) မချုပ်ပေဘူးလား . . . (ချုပ်ပါတယ်)။

www.dhammadownload.com



အဲ့ဒီလိုလေးဟာ ယနေ့ ရဟန်းကမေးလို့ ဘုရားကဖြေတာလေးကို ဒကာ,ဒကာမတွေက လေးလေးနက်နက် မှတ်ပြီး သကာလ ရဟန်းကမေးလို့ ဘုရားက ဖြေလိုက်တာ စိတ်အလိုလိုက်နေကြရတာဘဲ ကွ၊ ဒါ့ကြောင့် သံသရာရှည်နေတယ်ဆိုတာကော သဘောကျပလား၊ . . . (ကျပါတယ်)။

ဒီနေ့တော့ဖြင့် ဆရာဘုန်းကြီးက ပြင်ပေးလိုက်တယ်, သုတ္တန်နည်းနဲ့ဖြင့် စိတ်အလိုလိုက်နေလို့ သံသရာရှည်တယ်ဆိုတာ ဟုတ်တယ်၊ အဘိဓမ္မာ ပဋ္ဌာန်းနည်းနဲ့ စိတ်ကို ပညာအုပ်ချုပ်ပြီး, ထားလိုက်ရလို့, ခန္ဓာပေါ် လှည့်လိုက်မယ်ဆိုလို့ရှိရင်လဲ ပညာ့အလိုကို စိတ်ကလိုက်နေရတဲ့အတွက်, ဒကာဒကာမတို့ ပညာက "ကောယနော အယံ ဘိက္ခဝေ မဂ္ဂေါ" ဆိုတဲ့အတိုင်း မဂ်ပညာက နိဗ္ဗာန်ပို့လို့ ဒီစိတ်လဲ နိဗ္ဗာန်ဘက်ပဲ သူလိုက်ရတော့မယ် . . . (မှန်ပါ) တခြားလိုက်စရာ ရှိသေးရဲ့လား . . . (မရှိပါဘူး)။

အဲ့ဒီလိုလေး နိုးနိုးကြားကြားနဲ့ ကြိုးကြိုးစားစား ဒကာဒကာမတွေ နေကြမယ်ဆိုလို့ရှိရင်ဖြင့် တဲ့, လိုရာခရီးကိုဖြင့် အမြန်ဆုံးနည်းနဲ့ ရောက်ပါလိမ့်မယ် မှတ်ထားလိုက်ကြစမ်းပါ . . . (မှန်ပါ)။

ဒါဖြင့် ဘယ်သူ ဦးစီးမယ်၊ . . . (ပညာဦးစီးမှာပါ)။ စိတ်အပေါ်မှာ ပညာဦးစီးမယ် . . . (မှန်ပါ)။ သဘောကျပလား။

www.dhammadownload.com



. . . (ကျပါတယ်)။ စိတ်အလိုကို ကျုပ်တို့ကမလိုက်ဘူး . . . (မှန်ပါ)။

စိတ်အပေါ်မှာ ပညာအလိုကို စိတ်ကိုအုပ်ချုပ်ထားတဲ့ ပညာအလိုကိုသာ ကျုပ်တို့က လိုက်မယ်လို့ ဆိုလို့ရှိရင်ဖြင့် ဒကာ ဒကာမတို့, ဒုက္ခသစ္စာဟာ မကြာခင်တွေ့မယ် . . . (မှန်ပါ) မတွေ့ပေဘူးလား၊ . . . (တွေ့မှာပါ)။

အဲ-ဒုက္ခသစ္စာပိုင်းခြားနိုင်တဲ့ တစ်နေ့ကျလာပြီဆိုမှဖြင့် ဒါဒုက္ခဟာ ဒုက္ခချည်းဘဲ တွေ့တော့တယ် ဒုက္ခချည်းဘဲ တွေ့တော့တယ်ဆိုရင်ဖြင့် ဒုက္ခတွေ့တဲ့ ပုဂ္ဂိုလ်ဟာ ဒုက္ခဘယ်နည်းနဲ့မှ သူသည် သာယာနိုင်တဲ့သဘော သတ္တိရှိသေးလား . . . (မရှိပါဘူး)။

မရှိရင် သာယာနိုင်တဲ့ သဘောသတ္တိ မရှိသောကြောင့် သာယာတာဟာ တဏှာပဲ . . . (မှန်ပါ)။ ဒါဖြင့် ဒုက္ခမြင်နေတဲ့ ပုဂ္ဂိုလ်ဟာ သာယာတာ သေမသေ၊ . . . (သေပါတယ်)။ ဒါဖြင့် သမုဒယသစ္စာ သေတာပေါ့၊ (မှန်ပါ) သမုဒယသစ္စာ မသေပေဘူးလား . . . (သေပါတယ်)။

အဲ့ဒါကြောင့် ဒကာဒကာမတို့ ဒီဒုက္ခသစ္စာတစ်လုံးကိုဖြင့် ပညာဦးစီးပြီးသကာလ ခန္ဓာပေါ်လှည့်ဖြစ်အောင် လှည့်ပါ, စိတ်အလို မလိုက်ပါနဲ့။ စိတ်အပေါ်မှာ ပညာဦးစီးပြီး ပညာအလို စိတ်လိုက်ပါစေဆိုတာ ယနေ့လေးလေးနက်နက်ပဲ အလုပ်သမား

www.dhammadownload.com



တွေ တရားဟောပါတယ် . . . (မှန်ပါ့) သဘောကျလား (ကျပါတယ်)။

## စိတ်ပေါ်မှာ ပညာဦးစီးပါ

စိတ်အလိုကို လိုက်ရမှာလား၊ စိတ်အပေါ်မှာ ဦးစီးတဲ့ ပညာအလိုကို စိတ်လိုက်စေရမှာလား၊ . . . (ပညာအလိုကို စိတ်လိုက်စေရမှာပါ)။ အဲ စိတ်အပေါ်မှာ ပညာဦးစီးပြီး ပညာ့ အလိုကို စိတ်က လိုက်ပလေ့စေ (လိုက်ပါလိမ့်စေ) (မှန်ပါ) ကျေနပ်ကြလား . . . (ကျေနပ်ပါတယ်)။

ဒါ-တော်တော် အရေးကြီးတယ်ဆိုတာလဲ ဒကာဒကာမ တွေမှတ်ရလိမ့်မယ်၊ . . . (မှန်ပါ)။ သာသနာတွင်းမို့ ထောင်နိုင် ဘဲ့နားရှိတယ် သာသနာတွင်း တရားမို့ ဒကာဒကာမတွေ ဒီဉစ္စာ ထောင်နိုင်တဲ့ နားရှိတယ်ဆိုတဲ့ ဉစ္စာလဲ သေးတာမဟုတ်ဘူးနော် . . . (မှန်ပါ) ဟောနိုင်တဲ့ ပြောနိုင်တဲ့ သစ္စာဟောနိုင်တဲ့ ဆရာ ဆိုတာလဲ ခင်ဗျားတို့ ပါရမီထူးလို့ပဲ တွေ့ကြတာ၊ (မှန်ပါ) ခင်ဗျား ဘို့ ထောင်နိုင်တဲ့ နားရှိတာလဲ ဒုလ္လဘတရားထဲမှာ အပါအဝင်ပါ . . . (မှန်ပါ)။

အခုတော့ ဟောနိုင်တဲ့ ဒုလ္လလ နာနိုင်တဲ့ ဒုလ္လဘရှိလို့ ရှိရင်ဖြင့် ဒကာဒကာမတို့ ကိစ္စပြီးမယ့်ဘဝဆိုတာ ဆုံးဖြတ်ချက်

www.dhammadownload.com



ချလိုက်စမ်းပါ (မှန်ပါ) ရှင်းပြီလား၊ . . . (ရှင်းပါတယ်) ကဲ ဒါဖြင့် စိတ်အလိုကို မလိုက်နဲ့ . . . (မှန်ပါ) ပညာ့အလိုကို . . . (စိတ်ကလိုက်ရမှာပါ)၊ စိတ်ကလိုက်ပါစေ . . . (မှန်ပါ)။

## ခန္ဓာကပြောတာသာ အမှန်ယူပါ

ကဲ-ပညာ့အလိုကို စိတ်ကလိုက်ပါစေဆိုတော့ ခန္ဓာပေါ်ကိုသာ ပညာရော စိတ်ရော နှစ်ခုစလုံး မင်းတို့ဘယ်မှမပြေးနဲ့ ဒီခန္ဓာပေါ်ကိုသာ လျှောက်ရှာကြည့်နေလို့ ဆိုလို့ရှိရင်ဖြင့် ဘာအားထုတ်ရမတုံးလို့ မမေးကြနဲ့တော့ ဒဂေါဒကာမတို့ ခန္ဓာပြောတာသာ ပညာရောစိတ်ရော ကြည့်ကြပေတော့ . . . (မှန်ပါ)။

ကြည့်လိုက်ရင် ဘာတွေ ပြောမယ်ထင်တုံး ခန္ဓာက၊ . . . (ဒုက္ခသစ္စာပြောမှာပါ) ဖေါက်ပြန်တဲ့ ဒုက္ခသစ္စာမှ တစ်ပါးမောင်နိုင် ဘာပြောစရာရှိသေးလဲ၊ . . . (မရှိပါဘူး)။

အဲဒီတော့ ပညာကလဲ ဩော် ဖေါက်ပြန်ပျက်စီးတာ ဒုက္ခသစ္စာဘဲလို့ မသိပေဘူးလား၊ . . . (သိပါတယ်)။ သိသည်နှင့် တစ်ပြိုင်နက်တည်း ဒုက္ခကို ဘယ်သူသာယာဦးမလဲ၊ . . . (မသာယာပါဘူး) မသာယာရင် ဘယ်သူသေတယ်ထင်ကြလဲ၊ . . . (သမုဒယသစ္စာသေပါတယ်)။ အင်း သမုဒယသစ္စာသေသည် မသာယာတဲ့အတွက် သမုဒယသစ္စာနဲ့ ဒိဋ္ဌိရော သေသည်၊

www.dhammadownload.com



. . . (မှန်ပါ)။ အင်း- ဒိဋ္ဌိသေရင်လဲ ဒကာဒကာမတွေ မှတ်လိုက်ဦး ဝိစိကိစ္ဆာလဲ သေသည်။ . . . (မှန်ပါ)။

ဒါဖြင့် ရှုရင်းမတ္တနဲ့ဘဲ စူဋ္ဌသောတာပန်ဆိုတဲ့ အငယ်စား အသေအချာဖြစ်ပြီ၊ . . . (မှန်ပါ)။ သဘောကျလား၊ . . . (ကျပါတယ်)။

ဒါနဲ့ ရဟန်းက မကျေနပ်သေးဘူး၊ စိတ်အလိုကို လိုက်တယ်လို့ ဘုရားက ဟောလိုက်တော့ အင်း-ဒါ တပည့်တော် စိတ်အလိုလိုက်ကြောင်း ကောင်းကောင်းသိပါပြီဘုရား၊ လောကကြီးဟာ စိတ်ဆောင်နေတာကိုးဆိုတာသိပြီး အဲ့ဒီထဲမှာ ဘုန်းကြီးက ပဉှာန်းနည်းသွင်းပြီး ခင်ဗျားတို့ အလုပ်ထဲ သွင်းဟောလိုက်တယ်၊ . . . (မှန်ပါ)။

## ၂။ အကြားအမြင်များပြီး တရားဆောင်တဲ့ပုဂ္ဂိုလ်

နောက်တစ်ခု ဒီရဟန်းကဘဲ မေးပြန်တယ် ဗဟုသုတ ဓမ္မဓရ ဗဟုသုတဆိုတာ အကြားအမြင်များတဲ့ပုဂ္ဂိုလ် (မှန်ပါ) ဓမ္မဓရဆိုတာ တရားဆောင်တဲ့ပုဂ္ဂိုလ်နော်၊ . . . (မှန်ပါ)။ အကြားအမြင်များပြီး တရားဆောင်တဲ့ ပုဂ္ဂိုလ်ဆိုတာ တပည့်တော် မသိပါဘူးဘုရား အဲ့ဒါလေး ပြောစမ်းပါ မေးပြန်တယ်

www.dhammadownload.com



ဒါကောင်းသော မေးခြင်းဘဲဟော့ ဘုရားကလဲ ထောက်ခံချက် ပေးလိုက်တယ် . . . (မှန်ပါ)။

ဗဟုသုတနဲ့ တရားဆောင်တဲ့ပုဂ္ဂိုလ်ဆိုတာ ဘယ်သူတုံး ဘုရား။

ကွာတဲ့, မြတ်စွာဘုရား ကျမ်းဂန်တွေကဖြင့် ပိဋကသုံးပုံ ဆိုတာ အင်မတန်များပြားပါတယ်၊ သဘောကျလား၊ . . . (ကျပါတယ်) ဘုရားက ပိဋကသုံးပုံဆိုတာ အင်မတန်များပြားပါတယ်ကွာ . . . (မှန်ပါ)။

သာမညပုဂ္ဂိုလ်လဲ အကုန်နှံ့စပ်အောင် မလိုက်နိုင်ပါဘူး အဲဒီတော့ ဗဟုသုတ ဓမ္မရေဆိုတာ ငါဘုရား သဗ္ဗညုတဉာဏ်နဲ့ ရှင်းပြရလို့ရှိရင်ဖြင့်တဲ့ ရှစ်လုံးထဲ ရှစ်လုံးထဲ၊ ရှစ်လုံးထဲ စာလေး ရှစ်လုံးပေ့ါဗျာ၊ . . . (မှန်ပါ)။ အဲ့ဒီ စာလေးရှစ်လုံးကို သဘောလဲသိ, အနက် ကလေးလဲသိ, ပါဠိလဲသိ, အနက်ကလေးလဲသိ. ဩော်-ဒါ ဥပမာမယ် "အနိစ္စ မေ ပဥ္စက္ခန္ဓာ" ထားပါတော့နော်။

## ဒီရှစ်လုံးကို သိတဲ့ပုဂ္ဂိုလ်

အ, နိစ်, စ, ဆို သုံးလုံး မနေဘူးလား၊ . . . (မှန်ပါ)။ မေ, ပဉ်, စက်, ခန်, ဓာ, အဲ့ဒီက အင်း ငါးလုံးနဲ့ ပေါင်း လိုက်တော့ ရှစ်လုံးမနေဘူးလား၊ . . . (နေပါတယ်)။

အဲ့ဒီထဲက အဲ့ဒီရှစ်လုံးလေးကိုကွာ တဲ့, အနက်အဓိပ္ပါယ်

www.dhammadownload.com



သိပြီး အဲ့ဒီလာတဲ့အတိုင်း ဩော် ဒါလေးဟာ ဖြစ်ပျက်ဒုက္ခသစ္စာ လေးပါလား၊ ဖြစ်ပျက်ဆို ခန္ဓာငါးပါးထဲမှာ ဘယ်ဟာမဆို ဖြစ်ပျက်ဒုက္ခသစ္စာပါလား၊ ဖြစ်ပျက်ဒုက္ခသစ္စာပဲ့ပါလား ဆိုပြီး ဒီရှစ်လုံးထဲသိတယ်၊ . . . (မှန်ပါ)။ သဘောကျလား၊ (ကျပါတယ်)။

ရှစ်လုံးထဲသိတဲ့ ပုဂ္ဂိုလ်ဟာ တဲ့၊ အဲ့ဒါ ဗဟုသုတ ဓမ္မဓရ ပုဂ္ဂိုလ်ပါဘဲ ကွာ-တဲ့၊ သူဟာ အနက်သိ အဓိပ္ပါယ်သိပြီးသကာလ ဒါလေးဖြစ်ပျက်ရှုနေလို့ရှိရင် အဲ့ဒါ ဗဟုသုတ ဓမ္မဓရ လို့သာ မှတ်လိုက်ပါတော့၊ . . . (မှန်ပါ)။

ဒကာဒကာမတို့ များများလိုသလား . . . (မလိုပါဘူး) ခင်ဗျားတို့ ရှုနေတဲ့ စိတ်ကလေးဖြစ်စေ၊ ဝေဒနာကလေးဖြစ်စေ၊ ဘုန်းကြီးကဟောထားတော့ ခင်ဗျားတို့ ဗဟုသုတအဖြစ်လဲ မရဘူးလား . . . (ရပါတယ်)။

## တရားနာတုန်းက ဗဟုသုတ

အဲ့ဒါတွေ ဓမ္မဓရဖြစ်အောင် တစ်ခါတည်း သူကဖြစ်ပျက်ဆိုလို့ရှိရင်ဖြင့် ကိုယ်က ဖြစ်ပျက်မြင်တဲ့ဉာဏ်ကလေးဟာ တစ်ခါတည်း လိုက်လိုက် လိုက်လိုက်နေမယ်ဆိုလို့ရှိရင် နာတုန်းက ဗဟုသုတ, မြင်တဲ့အခါကျတော့ ဓမ္မဓရဖြစ်တယ်ဟေ့လို့ ရှစ်လုံးထဲက ဖြစ်ပျက်, ရှစ်လုံးထဲက ရှစ်လုံးပေါင်းလိုက်လို့ရှိရင် ဖြင့် ဖြစ်ပျက်တစ်ခုဘဲရတယ်၊ . . . (မှန်ပါ)။

www.dhammadownload.com



အဲ့ဒါလေး မင်းတို့ အားထုတ်နိုင်လို့ရှိရင်၊ ဗဟုသုတ ဓမ္မစရ ပုဂ္ဂိုလ်ဆိုတာ ဒါဘဲဟေ့လို့ ရဟန်းကို ဘုရားကဟော တယ်၊ . . . (မှန်ပါ)၊ အဲ့ဒါပါဋ္ဌိတော်လို့ မှတ်လိုက်စမ်းပါ . . . (မှန်ပါ)။

အဲ့ဒီတော့ ဗဟုသုတ ဓမ္မစရဆိုတာ ဒကာဒကာမတို့ အနိစ္စ၊ ခန္ဓာငါးပါး အနိစ္စဆိုပြီးသကာလ ခန္ဓာငါးပါးဖြစ်ပျက်ဟာ ဘာခေါ်ကြမယ် (အနိစ္စပါ)။ အဲ့ဒီအနိစ္စလေးကို နဂိုက ဘုန်းကြီး က ဟောလို့ နာဘူးကြတယ်၊ (မှန်ပါ)။ အဲ့ဒီတော့ ဗဟုသုတ ရှိမနေဘူးလား . . . (ရှိနေပါတယ်)။

အဲ ဗဟုသုတ ဓမ္မစရ ပုဂ္ဂိုလ်ဆိုတာ ဘယ်ပုဂ္ဂိုလ်တုံး ဆို ဓမ္မစရက ဒီခန္ဓာက ဖြစ်ပျက်ဆိုလို့ရှိရင်ဖြင့် ခန္ဓာကိုယ်က ခုန ဉာဏ်ဦးစီးတဲ့ ဓမ္မကလေးကလဲ ဟင် ဒါကလေးဟာ အနိစ္စ ပေါ် အနိစ္စသာသိပေးပေ့ဗျာ၊ . . . (မှန်ပါ)။

## ဓမ္မစရ ဆိုတာကတော့

သူကလဲ အနိစ္စဘဲ အနိစ္စရှိရင် အနိစ္စသိပေးလို့ရှိရင် အဲ့ဒါ ဟာ ဓမ္မစရတည်း၊ နာတုံးကဘာတဲ့၊ . . . (ဗဟုသုတပါ) အင်း ဖြစ်ပျက်နဲ့ ရှုတာ ဉာဏ်ကလေးနဲ့ တိုက်တိုက်သွားတော့၊ . . . (အနိစ္စ)။ ဓမ္မစရ ရှင်းပြီလား . . . (ရှင်းပါတယ်)။

www.dhammadownload.com



နာတုံးက . . . (ဗဟုသုတ) အင်း ဖြစ်ပျက်ကလေးနဲ့ ကိုယ့်ဉာဏ်ကလေးနဲ့ လာလာပြီးသကာလ ဖြစ်ပျက်ကလေး လာလာပြီး ဉာဏ်ထဲတွေ့နေလို့ရှိရင် . . . (ဓမ္မရပါ) အဲ့ဒါ ဗဟုသုတဓမ္မရဆိုတာ ဒါဘဲ ပေါ့တဲ့ . . . (မှန်ပါ)၊ ရှင်းပြီလား . . . (ရှင်းပါတယ်)။

## ဝိပဿနာဉာဏ်နဲ့နေတဲ့ပုဂ္ဂိုလ်

ဗဟုသုတ ဓမ္မရဆိုတာ ဒါဘဲဆိုတော့ ဝိပဿနာဉာဏ်နဲ့ နေတဲ့ပုဂ္ဂိုလ်ဟာ ဗဟုသုတဓမ္မရလို့ မှတ်လိုက်၊ . . . (မှန်ပါ) ဝိပဿနာဉာဏ်နဲ့ နေတဲ့ပုဂ္ဂိုလ်ဟာ . . . (ဗဟုသုတဓမ္မရ ပုဂ္ဂိုလ်ပါ) ကျေနပ်ပြီလား (ကျေနပ်ပါတယ်)။

ကိုင်း-ဒါဖြင့် ဝိပဿနာဉာဏ်ဖြင့် ငါအဆုံးပေါတာဘဲ လို့ အဋ္ဌကထာ ဆရာကလဲဖွင့်တယ်၊ ဘုရားကလဲ တစ်လုံးထဲ ကွာ တစ်ပါဒ ဂါထာ တစ်ပါဒ ရှစ်လုံးပဲရှိပါတယ်၊ အဲ့ဒီရှစ်လုံးထဲက မှန်မှန်ကန်ကန်နဲ့ "ဓမ္မာနုဓမ္မပဋိပတ္တိ" ဆိုတဲ့အတိုင်း ဖြစ်ပျက်နဲ့ မဂ်နဲ့ ဖြစ်ပျက်နဲ့ဉာဏ်နဲ့သာ ကိုက်အောင်ရှုနေလို့ရှိရင်ဖြင့် သူ ဗဟုသုတဓမ္မရပုဂ္ဂိုလ်အစစ်ပဲ၊ . . . (မှန်ပါ)။

www.dhammadownload.com



## ပိဋကသုံးပုံတတ်မှလို့ ငါမဟောဘူးတဲ့

ပိဋကသုံးပုံတတ်မှလို့ ငါမဟောဘူးလို့ အသေအချာ ကန့်ကွက်တယ်၊ (မှန်ပါ) သဘောကျလား . . . (ကျပါတယ်)။ ပိဋကတ်သုံးပုံတတ်မှလို့ ဆိုလို့ရှိရင် ဒီအထဲတစ်ယောက်မှ နိဗ္ဗာန် ရစရာမရှိဘူး၊ . . . (မှန်ပါ)။

ဘုရားလက်ထက်တုန်းကလဲ မပါပါဘူး၊ . . . (မှန်ပါ)။ ပိဋကသုံးပုံဆောင်ဆိုတာ ရှင်အာနန္ဒာဘဲရှိပါတယ်၊ . . . (မှန်ပါ) သဘောကျလား (ကျပါတယ်)။

## အနိစ္စ မေ ပဉ္စက္ခန္ဓာ သာသိနေပါ

အင်မတန်မှ ရှားပါတယ်၊ ဗဟုသုတမမွေရအဖြစ်နဲ့ သွားကြတာချည်းဘဲဆိုတော့မှ ဒါအင်္ဂုတ္တိုရ်ပါဠိတော်ကကွာတဲ့ တစ်ဂါထာမှာတဲ့ ရှစ်လေးလီရှိပါတယ်၊ သုံးဆယ့်နှစ်လုံးရှိတဲ့ အထဲက ရှစ်လုံး အုဓိပ္ပါယ်ကို "အနိစ္စ မေ ပဉ္စက္ခန္ဓာ" ဒီရှစ်လုံး လေးကို သြော် ဒီခန္ဓာငါးပါးဟာ အနိစ္စဘဲ, ဒုက္ခသစ္စာဘဲလို့, ဒီလောက်ကလေး ဗဟုသုတရှိပြီး, ဒီလောက်ကလေးသာ ခင်ဗျား တို့က ဉာဏ်နဲ့ရှုနေ၊ . . . (မှန်ပါ) သဘောကျပလား . . . (ကျပါတယ်) အဲ့ဒါ ဟာ ဝိပဿနာဉာဏ် အဆုံးလို့ မှတ်လိုက် . . . (မှန်ပါ) သဘောကျပလား . . . (ကျပါတယ်)။

www.dhammadownload.com



ဖြစ်ပျက်မြင်ရင် ဝိပဿနာဉာဏ်ဆုံးပြီလို့သာ မှတ်ပေတော့ ဒကာဒကာမတို့ . . . (မှန်ပါ) ဒီပြင်ဉာဏ်တွေက ဒီဖြစ်ပျက်ကို အမှီပြုပြီးသကာလ ဖြစ်ပျက်ကို အင်း-အပျက်ချည်း မြင်လာတယ်ဆိုတာလဲ ဖြစ်ပြီးမှ ပျက်တာပါဘဲ၊ မောင်နိုင်ရ၊ . . . (မှန်ပါ)။

အပျက်တွေ ကြောက်လာတယ်ဆိုတာလဲ ဖြစ်ပြီးမှ ပျက်တာ ကြောက်တာပါဘဲ၊ . . . (မှန်ပါ) အင်း ဒါတွေဟာ အပျက်တွေဘဲလို့ သိလာတာလဲ ဉာဏ်သာပြောင်းသွားတာ ဖြစ်ပျက်ပဲ . . . (မှန်ပါ) သဘောကျပလား၊ (ကျပါတယ်)။

ငြီးငွေ့လာတယ်ဆိုတာကော၊ . . . (ဖြစ်ပျက်ပါ)၊ လွတ်ချင်တယ်ဆိုတော့ကော၊ . . . (ဖြစ်ပျက်ပါ) ဖြစ်ပျက်မှ လွတ်ချင်တာဘဲကွာဆို သူကတော့ မထူးတော့ဘူးကွာတဲ့ ဟို ကိုယ့်ဉာဏ်ကကို တက်တက်သွားလို့သာ အမြင်ပြောင်းတယ်လို့ ထင်ရတယ်၊ ခန္ဓာကတော့ဖြင့် ဖြစ်ပျက်ပြတာ အမှန်ဘဲ . . . (မှန်ပါ)၊ ရိပ်မိပြီလား၊ . . . (ရိပ်မိပါပြီ) ခန္ဓာကတော့ ဘာသာပြလေ့ ရှိလဲ၊ . . . (ဖြစ်ပျက်ပြပါတယ်)။

အင်း-ဖြစ်ပျက်ပြတော့ ဉာဏ်နဲ့ တွဲဖက်သွားလို့သာ အပျက်ချည်းမြင်တယ်ဟုတ်လား။

ငြီးငွေ့လာပါတယ်ဆိုတဲ့ ဉာဏ်စဉ်တွေဟာ တက်တာပါကွာတဲ့ သူ့အပြကတော့ မထူးပါဘူး . . . (မှန်ပါ) သဘောကျလား . . . (ကျပါတယ်)။

www.dhammadownload.com



ဒါဖြင့် ဗဟုသုတ ဓမ္မဓရဆိုတာ နာတုံးကလဲ ရှစ်လုံးလောက် နာထားလို့ ရှစ်လုံးအဓိပ္ပါယ်ကို ဒကာဒကာမတွေက ကျင့်တဲ့အထဲမှာဖြင့် ဒီရှစ်လုံးအဓိပ္ပါယ်နဲ့ ခန္ဓာငါးပါးထဲမှာ အဖြစ်အပျက်ကို မြင်လို့ရှိရင်ဖြင့် ဓမ္မဓရဖြစ်ပါပြီ . . . (မှန်ပါ)။ သဘောပါလား၊ . . . (ပါပါတယ်)။

ဒါဖြင့် စာတတ်ဖို့ မလိုဘူးပေါ့ဗျာ၊ . . . (မှန်ပါ)။ တတ်ရင်လဲ ပိုမိုကောင်းတယ်ပေါ့. . . (မှန်ပါ) အင်းမတတ်ဘဲနဲ့လဲ နိဗ္ဗာန်ရောက်နိုင်တယ် ဆိုတာလဲ ခင်ဗျားတို့က လေးလေးစားစားဘဲ မှတ်ဖို့ဘဲ . . . (မှန်ပါ)။

## ၃။ အကြားအမြင်များပြီး ထိုးထွင်းနိုင်တဲ့ပုဂ္ဂိုလ်

ခင်ဗျားတို့ နိဗ္ဗာန်က ထိုးထွင်းနိုင်တယ် အကြားအမြင်များပြီး ထိုးထွင်းနိုင်တဲ့ပုဂ္ဂိုလ်ဆိုတာ ဘယ်လိုတုံးဘုရား၊ သုံးချက်မေးတယ်နော်၊ (မှန်ပါ) မောင်နိုင် ရှင်းပြီလား . . . (ရှင်းပါတယ်)။

(၁) တစ်နံပါတ်က လောကကြီး ဘယ်သူဆောင်သတုံး ဆိုတာ မေးတယ် (မှန်ပါ) စိတ်ဆောင်တယ်လို့ ဘုရားက ဖြေ လိုက်တယ်၊ . . . (မှန်ပါ)။

www.dhammadownload.com



(၂) နှစ်နံပါတ်က ဗဟုသုတမဲ့မရှိဆိုတာ ဘာတဲ့ ရှစ်လုံး အစိပ္ပါယ်ကို သိပြီးသကာလ အပျက်နဲ့ မဂ်နဲ့ကိုက်အောင်ဖြင့် သိတာတဲ့၊ . . . (မှန်ပါ) သဘောကျလား၊ . . . (ကျပါတယ်)။

(၃) သုံးနံပါတ်ကတဲ့ အကြားအမြင်များပြီးသကာလ ထိုးထွင်းတဲ့ ပုဂ္ဂိုလ်ဆိုတာ ဘယ်လိုပုဂ္ဂိုလ်တုံး အို အဲ့ဒါကတော့ ကွာတဲ့၊ ငါဘုရား အသေအချာဖြေပြမယ်၊ မင်းတို့ ဘာမှမစိုးရိမ်နဲ့တဲ့၊ ဖြစ်ပျက်ဆုံးပြီး သစ္စာလေးပါးကို တစ်ခါတည်း ပိုင်ပိုင်နိုင်နိုင် ဒုက္ခသစ္စာပိုင်းခြားပြီး နိရောဓသစ္စာမျက်မှောက်ပြုတဲ့ ပုဂ္ဂိုလ်ကို ဆိုတာပါကွာ၊ အဲ့ဒါ ဝိပဿနာလမ်းဆုံး ဆိုတာပါ . . . (မှန်ပါ) သဘောကျလား . . . (ကျပါတယ်)။

## သုတဝါနိုဗ္ဗေဓိက ဆိုတာ

သစ္စာလေးပါးကို တစ်ပြိုင်နက်သိတဲ့ ပုဂ္ဂိုလ်ဆိုတာပါလို့ သုတဝါနိဗ္ဗေဓိက ပုဂ္ဂိုလ်ဆိုတဲ့ဥစ္စာ အကြားအမြင်ရှိပြီး ထိုးထွင်းနိုင်တဲ့ပုဂ္ဂိုလ်ပေါ့ဗျာ၊ . . . (မှန်ပါ) အဝိဇ္ဇာကြီး ဖေါက်ထွင်းနိုင်တဲ့ ပုဂ္ဂိုလ်ဆိုလိုတာပေါ့လေ၊ . . . (မှန်ပါ)။ သဘောကျလား . . . (ကျပါတယ်)။

ဒါဖြင့် အကြားအမြင်များပြီး ထိုးထွင်းနိုင်တဲ့ပုဂ္ဂိုလ်ဆိုတာ ဘာလဲ အို သစ္စာလေးပါးကို တစ်ပြိုင်နက် ပေါ်လာတဲ့ပုဂ္ဂိုလ် ဆိုတာပါဆိုတော့ မဂ်ပုဂ္ဂိုလ်ဆိုတာ . . . (မှန်ပါ) ရှင်းပြီလား

www.dhammadownload.com



. . . (ရှင်းပါတယ်) ဒါဖြင့် ဒီပုဂ္ဂိုလ်သုံးယောက် သဘောကျကြလား၊ . . . (ကျပါတယ်)။

ကဲ-ဒါဖြင့် ဒကာဒကာမတို့ နှစ်နံပါတ်ပုဂ္ဂိုလ်က ဝိပဿနာဉာဏ်ပုဂ္ဂိုလ် . . . (မှန်ပါ) သုံးနံပါတ် မေးလိုက်တဲ့ အမေးက ကိစ္စပြီးတဲ့ သစ္စာလေးပါး တစ်ပြိုင်နက်သိတဲ့ ကိစ္စပြီးတဲ့ ပုဂ္ဂိုလ် ဆိုလိုက်ပါတယ် . . . (မှန်ပါ)။

အဲ့ဒါ ဒကာဒကာမတွေ အရေးကြီးနေတာက ရှစ်လုံးထဲကနေပြီး ရှစ်လုံးကို နာ, နာပြီး ရှစ်လုံးဆိုတဲ့ အနိစ္စမေ ပဥ္စက္ခန္ဓာ ခန္ဓာငါးပါးအနိစ္စဘဲ အနိစ္စလက္ခဏာဘဲ။

## ဒီရှစ်လုံးရဲ့အဓိပ္ပါယ်ကို ကျင့်ရင်ပြီးပါတယ်

ဒီလိုဆိုတော့ ရှစ်လုံးပြည့်မသွားဘူးလား . . . (ပြည့်ပါတယ်) အဲ့ဒီတော့ တစ်ပါးပါးကို ခင်ဗျားတို့က အင်း အပျက်နဲ့ မဂ်နဲ့ အပျက်နဲ့အသိနဲ့ ကိုက်အောင်သာ လုပ်ပေးလိုက်စမ်းပါ . . . (မှန်ပါ)။

အဲ့ဒါ ဗဟုသုတ ဓမ္မရေးကောန်ဖြစ်တယ် ဝိပဿနာဉာဏ် အဆုံးကွတဲ့၊ အဲ့ဒါ သဘောကျလား၊ . . . (ကျပါတယ်) သုတဝိနိစ္ဆေစိကဆိုတာ အို သစ္စာလေးပါး တစ်ပြိုင်နက်သိတဲ့ ပုဂ္ဂိုလ်ဆိုတော့ သောတာပန်တည်တဲ့ပုဂ္ဂိုလ် ပေနေတယ် . . . (မှန်ပါ) ဝင်မိကြလား . . . (ရပ်ပါပြီ)။

www.dhammadownload.com



ဒါဖြင့် ဒကာဒကာမတို့ အားငယ်စရာ အင်း-စိတ်နှလုံး စိတ်နှိမ်စရာ ဟို စိတ်အားလျော့စရာ ပါသေးလား . . . (မပါပါဘူး) ရှစ်လုံးနဲ့ ရှစ်လုံးကိုနာ ရှစ်လုံးလေးက အခိပ္ပါယ်ကို ကျင့်ရင် ပြီးတာဘဲလို့ ပြောလိုက်တယ် . . . (မှန်ပါ) ရှင်းပြီလား . . . (ရှင်းပါတယ်)။ ကောင်းပြီ၊ ဒါဖြင့် ဒကာဒကာမတို့ အင်မတန် နေရာကျပြီဆိုတာကော သဘောပါလား . . . (ပါပါတယ်)။

## ရှင်နန္ဒကဝတ္ထု

ကဲ - သဘောပါလို့ရှိရင်ဖြင့် ကျုပ်တို့ ကျင့်နည်းလေးကို ရှင်းသည်ထက်ရှင်းအောင် မနေ့က ရှင်နန္ဒကကိုဘဲ ပြန်ပြီးဆက်ကြပါစို့ . . . (မှန်ပါ)။

ရှင်နန္ဒကက ဒီဘိက္ခုနီမတွေ တရားဟောချင်ပါရဲ့လား . . . (မဟောချင်ပါဘူး) မဟောချင်ဘူး မဟောချင်ဘူးတဲ့ ဒကာဒကာမတွေ ဘိက္ခုနီမတွေ တရားမဟောချင်လို့ ဟိုလယ် ဒီလယ် ပြီးသကာလ နေတော့။

ညီတော် အာနန္ဒာကို မင်းသည်ကားလို့ ဆိုလို့ရှိရင်ဖြင့် ငါ့ မိထွေးတော် ဂေါတမီကလဲ လျှောက်တယ် ဘိက္ခုနီမတွေ အလှည့်ကျ တရားဟောပေးပါ ဘုရားလို့ လျှောက်ထားတာ မင်းအလှည့်တွေ များပေးပါရဲ့လား ပေးပါတယ်ဘုရား၊ အကုန် သံဃာတွေ ကုန်ပါပြီ တစ်ပါးဘဲ ကျန်တယ် ရှင်နန္ဒကဘဲကျန်တယ်။

www.dhammadownload.com



အဲ့ဒါဘဲ ကျန်ပါတယ်ဘုရား သူ့ကျတော့ဘုရား တပည့်တော်ပြောလို့မရဘူး၊ အပ်ချုပ်စရာရှိသေးတယ်၊ သပိတ်ဖွတ်စရာရှိသေးတယ်၊ ခရီးထွက်စရာရှိသေးတယ်နဲ့ ဆင်ခြေဘဲလဲနေတာဘဲ ဘုရား။

ဒါနဲ့ ဘုရားသခင်ကိုယ်တိုင် နန္ဒကမင်းလာခဲ့ကွာ မင်းဘိက္ခုနီမတွေ တရားဟောလိုက်လို့ ကိုယ်တိုင်အမိန့်ချလိုက်တယ် ဘုရားကိုယ်တိုင် အမိန့်ချလိုက်တော့ ဟောရတယ်။

## တောင့်တချက် လေးမျိုး

ဟောရတဲ့ အခါကျလို့ရှိရင်ဖြင့် ဒီဘိက္ခုနီမတွေ ရည်ရွယ်ချက်လဲ မနေ့က ပြောခဲ့တယ်နော်၊ . . . (မှန်ပါ)။ နဂိုတောင့်တနေတာက တချို့သော ဘိက္ခုနီမက ရှင်နန္ဒက တရားသာနာရရင် သောတာပန် သူတည်တယ် . . . (မှန်ပါ) ဒီလောက်ထိအောင် ဘဝရေစက်က နီးတယ်၊ . . . (မှန်ပါ)။

တချို့က ရှင်နန္ဒက တရားသာ ကျုပ်တို့နာရမယ်ဆို သကဒါဂါမ် တည်ပါတယ်မပြောကြဘူးလား . . . (ပြောပါတယ်) တချို့ကလဲ ရှင်နန္ဒကတရားသာနာရရင် ကျုပ်ကတော့ အနာဂါမ်ပါဘဲ၊ . . . (မှန်ပါ) အနာဂါမ်တော့ သေချာတယ် တချို့ကလဲ ရှင်နန္ဒက တရားသာနာရရင် ကျုပ်ကတော့ ရဟန္တာအဖြစ်တော့ သေချာတယ်၊ မောင်နိုင် တောင့်တပုံလေးမျိုး မရှိဘူးလား . . . (ရှိပါတယ်)။

www.dhammadownload.com



## ဘုရားသခင်အမိန့် မလွန်ဆန်နိုင်

ဒါ သူတို့တောင်းတယ်. . . (မှန်ပါ) အဲ့ဒီကဲ့သို့ တောင့်တပြီးသကာလနေတုံး ဘုရားကလဲ အမိန့်ချလိုက်တော့ ရှင်နန္ဒကက ဘုရားအမိန့် မလွန်ဆန်နိုင်တာနဲ့ တရားဟောဝင်ပြီးသကာလ လာကြတယ် လာကြပြီး တရားပလ္လင်ပေါ်ထိုင်ပြီးသကာလ နေတုံးမှာ -

အသင် ဘိက္ခုနီမတို့ အခု ငါတရားဟောမှာသည်ကားဆိုလို့ရှိရင်ဖြင့်တဲ့၊ သင်တို့ သိပြီးသားဖြစ်ခဲ့လို့ရှိရင် သင်တို့သိပြီးသားလို့ ဖြေကြ၊ . . . (မှန်ပါ)။ တပည့်တော်တို့ ဒါသဘောကျပါပြီဘုရား သဘောမကျခဲ့သေးလို့ရှိရင်လဲ . . . သဘောမကျသေးကြောင်း သင်တို့က ပြန်လျှောက် ပြန်လျှောက်တဲ့အခါကျတော့ ငါက အဖြေပေးမယ်။

ဒီထဲက သူတို့ နှလုံးထဲ တွေ့သွားပြီ မောင်နိုင် . . . (မှန်ပါ) ရှေ့ကရဟန္တာကြီးတွေ ဟောသွားတာက ဒီလို အမေးအဖြေ မလာဘူး . . . . . . (မှန်ပါ)။ အမေးအဖြေမလာဘဲနဲ့နေတဲ့ အတွက် သူတို့စိတ်ထဲမှာ နာသာနာရတယ် မြိန်မြိန်ရှက်ရှက် မရှိဘူး . . . (မှန်ပါ)။ သံသယရှိလဲ နာရုံဘဲ . . . (မှန်ပါ) အင်း မရှင်းလင်းပဲ ပြီးသွားရောဆိုတော့ သူတို့စိတ်ထဲမှာကျေကျေ နပ်နပ်ရှိရဲ့လား (မရှိပါဘူး)။

www.dhammadownload.com



## သင်တို့မသိတာ မေးနိုင်တယ်

ဒီကတော့ တရားမနာခင်ထဲက သင်တို့မသိတာလဲမေး, ငါမေးတာလဲ ဖြေကြ, သင်တို့မသိတာလဲ ပြန်မေးနိုင်တယ်ဆို ကတည်းက သူတို့က အတော်ကျေနပ်သွားတယ် . . . (မှန်ပါ)။

ဒါဖြင့် တို့သည်ကားလို့ ဆိုလို့ရှိရင်ဖြင့် တရားမနာခင်ကို က စိတ်က ရွှင်ပျနေတယ် . . . (မှန်ပါ)။ ရွှင်ပျနေတဲ့အထဲ နဂို တောင့်တထားတာတွေကလဲ သူ့အချိုးကျ သူ့အချိုးကျတွေက မရှိလား . . . (ရှိပါတယ်)။

အဲ့ဒီအခါမှ ရှင်နန္ဒက ဟောတယ် ဘိက္ခုနီမတို့ ငါတရား မဟောမီ ရှေးအဖို့ကာလမှာ ဥပမာလေးတစ်ခု ပြောပါရစေဆို ပြီး ဥပမာလေးတစ်ခု ပြောလိုက်တယ်။

## သစ်ပင်နှင့် အရိပ်ဥပမာ

ဘယ်လိုပြောလိုက်သတုံးဆိုတော့ သစ်ပင်ဆိုတာ ဟော, အမြစ်လဲရှိတယ်၊ မရှိပေဘူးလား၊ . . . (ရှိပါတယ်)။ ပင်လုံး ကကော မရှိပေဘူးလား (ရှိပါတယ်) အင်း-ပင်လုံးကလဲရှိတယ် တဲ့၊ ပင်လုံးရှိလို့ရှိရင် အခက်တွေ၊ အလက်တွေ၊ အရွက်တွေက ဝေဆာထားတာ အကိုင်းအခက်အရွက်အလက်တွေကော . . . (ရှိပါတယ်) ရှိတယ်တဲ့ ဒါတွေလဲ ရှိတာဘဲတဲ့။

အဲ့ဒီ အကိုင်းအခက် အရွက်အလက်တွေ ထွက်နေလို့ ရှိရင် ဒီသစ်ပင်ဟာ အရိပ်တော့ရှိရမယ် . . . (မှန်ပါ)။ မရှိပေ

www.dhammadownload.com



လား . . . (ရှိပါတယ်)။ ဘယ်နှစ်မျိုးပါလိမ့် . . . (လေးမျိုးပါ) လေးမျိုးတဲ့၊ သစ်ပင်ဟာ အမြစ်လဲရှိမယ် သဘောကျလား . . . (ကျပါတယ်) အင်း-ပင်လုံးကော၊ . . . (ရှိပါတယ်)။ အင်း - အကိုင်းအခက်အရွက်အလက်တွေကော . . . (ရှိပါတယ်) အင်း- ဒီသစ်ပင်က အရိပ်တွေကော . . . (ရှိပါတယ်)။ အဲ့ဒါ ဥပမာ ဥပမာအားဖြင့် ရှင်နန္ဒက ဟောတယ်။

အဲ့ဒီတော့ကွာတဲ့၊ ဒီသစ်ပင်ဟာ အမြစ်တွေကလဲ ပိုးရွ ခြတွေ၊ ပိုးတွေ၊ ခြတွေ၊ ရွတွေက ဆွေးမြေ့တာတွေက ဖျက်ဆီး ခဲ့သည်ရှိသော် -

ဒီပင်လုံးကြီးကော ခံနိုင်ပါ့မလား . . . (မခံနိုင်ပါဘုရား) အရွက်အခက်တွေကော . . . (မခံနိုင်ပါဘုရား) သူ့ကြောင့် ဖြစ်တဲ့အရိပ်ကရော . . . (မခံနိုင်ပါဘုရား)။

အဲ့ဒီတော့ ဘိက္ခုနီမတို့တဲ့ စဉ်းစားကြစမ်းပါ ဒီဥပမာ ဟာ ဒီလေးခုမှာ ဘယ်သူအရင်ပျက်စီးသင့်တယ်ဆိုတဲ့ဥစ္စာ ဝေဖန်ကြစမ်းပါဆိုတာ အရင်ခိုင်းလိုက်တယ် . . . (မှန်ပါ)။

## အရိပ်ကအရင်ဆုံးပျက်စီးတယ်

အဲ့ဒီတော့ ဘိက္ခုနီမတွေက ဖြေကြတယ် ဘုရားတဲ့ ဒီအရိပ်ဟာ အရင်ဆုံးပျက်စီးရပါတယ် . . . (မှန်ပါ) သဘော ကျလား . . . (ကျပါတယ်)၊ ဘယ်သူဟာ အရင်ဆုံးပျက်စီးရလဲ . . . (အရိပ်ဟာ အရင်ဆုံးပျက်စီးရပါတယ်)။

www.dhammadownload.com



အရိပ်က အရင်ပျက်စီးမှာဘဲ ဒကာဒကာမတို့ အရိပ်ကျန်နေသေးတယ်လို့ ဆိုလို့ကတော့ဖြင့် . . . (မရပါ) အပင်လဲလဲမယ် အကိုင်းလဲ, အင်း-အကိုင်းတွေလဲ အကုန်လဲကြမယ်၊ ပြိုကြမယ်၊ ပျက်ကြမယ်ဆိုလို့ရှိရင်ဖြင့် အရိပ်ကလေး ကျန်နေရစ်တဲ့ ဥပမာလေးကို ဆိုစရာရှိပါ့မလား . . . (မရှိပါဘုရား)။

အမြစ်ကလဲကုန် ပင်လုံးကလဲကုန် အင်း-အကိုင်းအခက်အရွက်အလက်တွေ ဝေဆာတာတွေကလဲ သူတို့ ကျန်ရစ်စရာရှိသေးလား . . . (မရှိပါဘူး) သူတို့မှ မရှိဘဲနဲ့ သူတို့ သုံးခုကြောင့်ဖြစ်တဲ့အရိပ်ဟာ မောင်နိုင်တို့ ကိုမြင့်တို့ ကျန်စရာရှိပါ့မလား၊ . . . (မရှိပါဘုရား)။

အဲ့ဒီ ဘိက္ခုနီမတွေက ဖြေကြတယ် အရှင်ဘုရားတဲ့ အရှင်ဘုရားပေးတဲ့ ဥပမာမှာ ဒီထဲမှာ အရင်ဆုံး ပျက်စီးရမှာ တပည့်တော်တို့ မြင်ပါတယ် အရိပ်က အရင်ဆုံးပျက်စီးရမယ်၊ . . . (မှန်ပါ)။ သဘောကျလား၊ . . . (ကျပါတယ်)။

အဲ-အဲ့ဒီအတိုင်းဘဲ ဘိက္ခုနီမတွေတဲ့ မင်းတို့လဲ ဒီအတိုင်း မှတ်ပါတဲ့ ခန္ဓာကိုယ်ထဲမှာ ဖြစ်ပေါ်လာတဲ့ ဝေဒနာတွေ ရှိတဲ့ အနက်ကတဲ့ ဥပမာမယ် ဝေဒနာဆိုတဲ့ ဥစ္စာဟာ ဒကာဒကာမတို့ နောက်ဆုံးပိတ်မှ ပေါ်တာနော် . . . (မှန်ပါ)။ နောက်ဆုံးပိတ်မှ ပေါ်တယ်တဲ့ ဝေဒနာဆိုတာ ဘယ့်နှယ်ကြောင့် နောက်ဆုံးပိတ်မှ ပေါ်လာသတုံးလို့ မေးဖို့ မလိုဘူးလား . . . (လိုပါတယ်)။

www.dhammadownload.com



## ဝေဒနာကလေး

အင်း -ဒကာဒကာမတွေ သိတဲ့အတိုင်းပါဘဲတဲ့ ဟောဒီက နားရုပ်ကလေး မနေ့က မျက်လုံးဟောလို့ ဒီနေ့ နားဟောတယ်၊ . . . (မှန်ပါ)။ ဒီက နားရုပ်ကလေးမရှိဘူးလား၊ နားထဲကြားတတ်တဲ့ရုပ်ကလေး . . . (ရှိပါတယ်)၊ ဟောဒီက အသံမရှိဘူးလား . . . (ရှိပါတယ်) အင်း-ဟောဒီက ကြားစိတ်ကလေး မပေါ်ဘူးလား . . . (ပေါ်ပါတယ်) ပြီးတော့မှ ကြားရတာကောင်းလိုက်တာဆိုတဲ့ ဝေဒနာကလေးက နောက်မှပေါ်တယ် . . . (မှန်ပါ)။

ဆိုတော့ ဒကာဒကာမတွေ သိတဲ့ အတိုင်းတဲ့၊ အင်း ကြားရုပ်ရယ် အင်း ကြားစရာအသံရယ် ကြားစိတ်ကယ် ပြီးတော့မှ ကောင်းမကောင်း ဝေဖန်တာလေးက သူတို့ သုံးခုမှီပြီးပေါ်ရတာ၊ . . . (မှန်ပါ) ဝေဖန်တဲ့ဝေဒနာလေးကလေ . . . (မှန်ပါ)။

"တိဏ္ဏံ သင်္ဂတိ ဖဿော ဖဿ ပစ္စယာ ဝေဒနာ" လို့ မလာလား၊ . . . (လာပါတယ်)။ အဲ, ဖဿကတော့ တွဲပျက်မို့ မပြောတော့ပါဘူးနော် ၊ . . . (မှန်ပါ)။ မပြောတော့ပါဘူး၊

## အရိပ်၏ ဥပမာ–ဝေဒနာ

ဝေဒနာနဲ့တွဲပျက်လို့ အထူးပြောစရာမလိုတော့ပါဘူး ကောင်းတယ်ဆိုးတယ်ဆိုတဲ့ ဝေဖန်တာ ဝေဒနာမနေဘူးလား . . . (နေပါတယ်)။

www.dhammadownload.com



အဲ့ဒီ ဝေဒနာလေးဟာက, ဟောဒီအမြစ်၊ ဟောဒီပင်လုံး၊ ဟောဒီအကိုင်းအခက်အရွက်အလက်တွေ, ဟောဒါအရိပ်ပေါ့, သဘောကျလား၊ . . . (ကျပါတယ်) ။ ဝေဒနာကို အရိပ် လို့ပြတယ်၊ . . . (မှန်ပါ)။

အဲ့ဒီတော့ ဒါတွေကိုက အနိစ္စတရားတွေ ဖြစ်နေတော့ ဝေဒနာဘယ်လိုဆုံးဖြတ်ချက်ချကြမလဲ၊ . . . (အနိစ္စပါ)။ ဒါဖြင့် အမြစ်ကယ်, ပင်လုံးရယ်, အကိုင်းအခက်ဝေဆာတာတွေက အနိစ္စဖြစ်ခဲ့သော်, မမြဲခဲ့သော်၊ အရိပ်ဟာ မြဲချင်လို့၊ . . . (မဖြစ်ပါ)။

ဒီမှာလဲ ဝေဒနာသည်ကားဆိုရင်ဖြင့်, နားရုပ်ရယ်၊ အသံရယ်၊ အင်း-ကြားတတ်တဲ့ ဝိညာဏ်ကို မှီပြီးသကာလ ပေါ်ရတဲ့ ဝေဒနာဖြစ်ပါတယ်၊ ကောင်းမကောင်း ဝေဖန်တဲ့ ဝေဒနာဟာလေ၊ . . . (မှန်ပါ)။

ဟာ-ဒီအသံလေး ကောင်းလိုက်တာ ဒီအသံလေးဖြင့် မကောင်းဘူး၊ ဒီအသံကြားရတာ နားခါးလိုက်တာ, အစရှိသည်နဲ့ ဒေါမနဿတွေကော မပေါ်ဘူးလား၊ . . . (ပေါ်ပါတယ်)။ ဒီအသံကြားရတာ ဝမ်းသာလိုက်တာ, အစရှိသည်နဲ့ အဲ့ဒီဝေဒနာလေးတွေသည် ဒကာ ဒကာမတို့ သူသည်အရိပ်နဲ့တူပါတယ်၊ (မှန်ပါ)။ သဘောကျလား၊ . . . (ကျပါတယ်)။

အရိပ်နဲ့တူတဲ့အတွက်၊ ဒီဝေဒနာလေးကို ပျက်တဲ့အခါ

www.dhammadownload.com



ကျလို့ရှိရင် ဝေဒနာဟာ ပျက်သင့်ရဲ့လား၊ မပျက်သင့်ဘူးလားဆို တာ ချိန်ကြစမ်းပါလို့ မေးလိုက်တယ်၊ . . . (မှန်ပါ)။ မပျက်သင့် ဘူးလား၊ . . . (ပျက်သင့်ပါတယ်)။ ပျက်စရာအကြောင်းတွေအ ပေါ်မှာ မှီနေတဲ့တရား၊ . . . (မှန်ပါ)။ ပျက်စရာအကြောင်းပေါ် မှာ မှီနေတဲ့ ဝေဒနာသည် အရင်ဆုံးပျက်ရမယ့်သဘော၊ . . . (မှန်ပါ)။သဘောကျလား၊ . . . (ကျပါတယ်)။

ကဲ-ဒါဖြင့် အင်း-သောတကလဲ အနိစ္စ, သဒ္ဒါရုံကလဲ၊ . . . (အနိစ္စပါ)။ အင်း-သောတဝိညာဏ်ကကော၊ . . . (အနိစ္စပါ)။ အင်း-သူ့မှီပြီးဖြစ်တဲ့ဝေဒနာကောင်း၊ မကောင်း၊ ဝေဖန်တဲ့ ဝေဒနာက ဘာဆိုကြ၊ . . . ( အနိစ္စပါ)။ ဒါဖြင့်ကွယ်တဲ့ ဒီအနိစ္စကို မင်းတို့သဘောကျဖို့၊ ကောင်းပါတယ်ဆိုတော့ ဘိက္ခုနီ မတွေသိပ်ကျေနပ်တယ်၊ . . . ( မှန်ပါ)။

## ဝေဒနာသည် အနိစ္စ

ဪ, ဥပမာ- ဥပမေယျနဲ့ တယ်ကောင်းပါလား၊ ဟုတ် သားဘဲ; အဲ့ဒီဝေဒနာဟာ အနိစ္စမရောက်ပါနဲ့ဆိုလို့ ဘယ်ရမတုံး သစ်ပင်မှာ အမြစ်ကလဲ အနိစ္စ, ပင်လုံးကလဲအနိစ္စ, အကိုင်း အခက်ကလဲအနိစ္စ, အရိပ်ကျမှနိစ္စဖြစ်ချင်လို့တော့ ဖြစ်နိုင်စရာမြင် သေးရဲ့လား၊ . . . (မမြင်ပါဘုရား)။ ဒါဖြင့်ဝေဒနာဟူသရွေ့ ဘယ်လိုဆုံး ဖြတ်ချက်ချမလဲ၊ . . . ( အနိစ္စပါ)။ သဘောကျလား၊

www.dhammadownload.com



. . . (ကျပါတယ်)။ သူကဝေဒနာချ ုးဟောတယ်, ဒီကိုယ်တော်က၊ . . . (မှန်ပါ)။ သဘောကျလား၊ . . . (ကျပါတယ်)။

အဲ - ဝေဒနာကို အနိစ္စဟောလိုက်တော့ ဒကာ ဒကာမတို့ ဘိက္ခုနီမတွေက တစ်ခါတည်း တရားနာရင်း တရားနာရင်းနဲ့ အရှင်ဘုရား ခန္ဓာကို တရားနာရင်း တရားနာရင်းနဲ့ သူတို့ ခန္ဓာလှည့်လှည့်ပြီး ဝေဒနာချည်းရှု , သဘောကျလား၊ . . . (ကျပါတယ်)။

## ပဋိစ္စသမုပ္ပါဒ်နည်း

ဝေဒနာချည်းရှုလိုက်တဲ့အခါကျတော့ ဒီဝေဒနာဟာ ဝေဒနာရှုလိုက်တော့၊ ဝေဒနာလေးက ပျက်တာလေးတွေကို သူတို့မမြင်ပေဘူးလား၊ . . . ( မြင်ပါတယ်)။ ပျက်တာလေးတွေကို ပဋိစ္စသမုပ္ပါဒ်နည်းနဲ့ ကြည့်လိုက်တဲ့အခါကျတော့ ဝေဒနာနိရောဓော သူတို့မြင်တယ်၊ . . . (မှန်ပါ)။

ဘိက္ခုနီမလေးတွေဘာမြင်တုံး၊ . . . (ဝေဒနာနိရောဓောမြင်ပါတယ်)။ ဝေဒနာ၏ ချုပ်တာလေးတွေ ပျက်တာလေးတွေမြင်တော့ ဝေဒနာနိရောဓောကို ဒီသူတို့မြင်တဲ့, အဲ - ရှုတဲ့နေရာမဂ်က မမြင်ဘူးလား၊ . . . ( မြင်ပါတယ်)။

အင်း-ဒီမဂ်သည် ဘာမြင်ပါလိမ့်မတုံးလို့ , ဒကာဒကာမတွေ မေးလို့ရှိရင်၊ ဝေဒနာချုပ်တာမြင်တယ်၊ . . . ( မှန်ပါ)

www.dhammadownload.com



သဘောကျလား၊ . . . ( ကျပါတယ်)။ ဘာချုပ်တာမြင် . . . (ဝေဒနာချုပ်တာမြင်ပါတယ်)။

ဒါဖြင့် ပဋိစ္စသမုပ္ပါဒ်နဲ့ကိုက်တတ်ပြီ၊ . . . (မှန်ပါ)။ သဘောကျလား၊ . . . (ကျပါတယ်)။ ဝေဒနာနိရောဓာ၊ . . . (တဏှာနိရောဓောပါ)။ ဟော-တဏှာနိရောဓောဆို မင်္ဂပေါ်လာတယ်၊ . . . (မှန်ပါ)။ တဏှာနိရောဓော ဆိုတာ ဘာပါလိမ့်၊ (မဂ်ပေါ်လာတာပါ) မဂ်ပေါ်လာတာ ဒီသူ့ရှေ့နားက အမြင်ခံရတာ ဘာတဲ့. . . (ဝေဒနာပါ)။ အသေအချာပြောပါ၊ . . . (ဝေဒနာနိရောဓောပါ) ဝေဒနာနိရောဓောကို သူမြင်တယ်၊ . . . (မှန်ပါ)။ ဝေဒနာမြင်တာလား, ဝေဒနာနိရောဓော မြင်တာလား၊ . . . ( ဝေဒနာနိရောဓော မြင်တာပါ)။

ပျက်တာမြင်ပါတယ်ဆိုတည်းက ဝေဒနာမြင်တာ ဟုတ်သေးရဲ့လား၊ . . . (မဟုတ်ပါဘူး)။ ဘာမြင်တုံး၊ . . . (ဝေဒနာနိရောဓော)။ဝေဒနာနိရောဓော ဝေဒနာချုပ်တာကို သူမြင်တယ်၊ . . . (မှန်ပါ)။

အဲ့ဒါဖြင့် မြင်တဲ့တရားလေးက, ဒကာ ဒကာမတွေက ဝေဖန်လိုက်တာပေါ့၊ ဩော် ဒါက ဝေဒနာနိရောဓော သဘောကျလား၊ . . . (ကျပါတယ်)။ အင်း ဒီဘက်ကဘာပါလိမ့်၊ . . . (တဏှာနိရောဓော)။ တဏှာ နိရောဓော ဒီက ဝေဒနာနိရောဓော ဒီက ဘာတုံး (တဏှာနိရောဓော) အင်းတဏှာနိရောဓော

www.dhammadownload.com



ဆိုတော့ ဒကာ ဒကာမတွေက ဖြုန်းခနဲ နားနဲ့ထောင်လိုက်တော့ တဏှာချုပ်သွား တယ်လို့ ခင်ဗျားတို့ထင်တယ်၊ . . . (မှန်ပါ)။ မထင်ပါနဲ့တဲ့ ဒကာဒကာမတို့ မဂ်ပေါ်တာလို့ မှတ်လိုက်ပါ (မှန်ပါ) တဏှာချုပ်တာလား မဂ်ပေါ်တာလား၊ (မဂ်ပေါ်တာပါ)။ အဲ မဂ်ပေါ်တယ်၊ မဂ်ပေါ် တယ်ဆိုထဲက တဏှာကလာလို့ မရဘူး၊ (မှန်ပါ)။ သဘောကျလား၊. . . ( ကျပါတယ်)။

## ဝေဒနာချုပ်တာမြင်မှ မဂ်ပေါ်မယ်

အဲ့ဒီတော့ ဒကာ ဒကာမတွေက ဩော် ဝေဒနာချုပ်မှ တဏှာချုပ်မှာဘဲသာသိတယ်၊ မဂ်ပေါ်အောင်ကိုယ်က မလုပ်လို့ ရှိရင် ဘယ်တော့ချုပ်မှာလဲ၊ . . . (မချုပ်ပါဘူး)။ သဘောပါလား . . . (ပါပါတယ်)။ ဒီတစ်လုံးသိပ်အရေးကြီးတယ်နော်၊. . . (မှန်ပါ)။

ဝေဒနာနိရောဓာကို တဏှာနိရောဓာက, ဝေဒနာနိရောဓာက၊ ဝေဒနာချုပ်တာ၊ . . . (မှန်ပါ)။ ဝေဒနာလေးဖျတ် ဖျတ်နဲ့ ပျက်စီးတာ၊ . . . (မှန်ပါ)။ တဏှာနိရောဓာဆိုတာက၊ ဒကာ ဒကာမတွေ သန္တာန်မှာက ချုပ်တာတွေမြင်နေတဲ့မဂ္ဂင်ကို တဏှာနိရောဓာ တရားလို့မှတ်လိုက်၊ . . . (မှန်ပါ)။ သဘော ကျလား၊ . . . (ကျပါတယ်)။

ချုပ်တာမြင်တဲ့မဂ္ဂင် ဘာခေါ်ကြမလဲ၊ . . . (တဏှာနိ

www.dhammadownload.com



ရောဓောပါ)။ တဏှာနိရောဓောဆိုတော့ တဏှာချုပ်တာလား၊ မင်္ဂလာပေါ်တာလား၊ . . . (မဂ်ပေါ်တာပါ)။ သဘောကျလား၊ . . . (ကျပါတယ်)။

ကဲ-ကောင်းပြီ ဒါခင်ဗျားတို့ရှေးမျက်လုံးနဲ့ ရှေးထုံးအတိုင်း မှတ်ကြမယ်ဆိုလို့ရှိရင်ဖြင့် " ဝေဒနာနိရောဓာ တဏှာနိရောဓော" ဆိုပြီး, တဏှာနိရောဓော ဝေဒနာချုပ်ရင် တဏှာချုပ်တာပါဘဲဆိုတော့ ခင်ဗျားတို့ချုပ်တာသာသိတယ်, ကိုယ့်အလုပ်ပါသေးရဲ့လား၊ . . . (မပါပါဘူး)။

အခုဟာက " ဝေဒနာနိရောဓာ, တဏှာနိရောဓော" ဖြစ်ချင်လို့ရှိရင် ဒကာ ဒကာမတို့ ဝေဒနာချုပ်တာကို မြင်အောင်ကြည့်တာက တဏှာနိရောဓော- သဘောကျလား၊ . . . (ကျပါတယ်)။ ဝေဒနာချုပ်တာက၊ . . . (ဝေဒနာနိရောဓာပါ)။ အင်း- တဏှာချုပ်တာက၊ . . . (တဏှာနိရောဓောပါ)။

အသေအချာမှတ်ပါ၊ သဘောကျလား၊ . . (ကျပါတယ်)။ ဝေဒနာချုပ်တာက၊ . . . (တဏှာနိရောဓ, ဝေဒနာနိရောဓပါ)။ ဝေဒနာချုပ်ပါတယ်ဆိုမှ၊ တဏှာနဲ့ခင်ဗျားတို့ကရွတ်နေ၊ မိုးကြိုးပစ်မှာပေါ့၊ . . . (မှန်ပါ)။ သဘောကျလား၊ . . . (ကျပါတယ်)။

ဒါလေး- ဝေဒနာချုပ်တာက၊ . . . (ဝေဒနာနိရောဓာပါ)။ ဝေဒနာနိရောဓာ သဘောကျလား၊ . . . (ကျပါတယ်)

www.dhammadownload.com



အင်း-နောက်ရွှတ်ကြည့်ပါဦးပါဠို၊ . . . (တဏှာနိရောဓော)။ တဏှာနိရောဓောဆိုတော့ တဏှာချုပ်တာလား၊ ခင်ဗျားတို့ ရှုတဲ့မဂ်ပေါ်တာလား၊ . . (ရှုတဲ့မဂ်ပေါ်တာပါ)။

## ရှေးအယူဝါဒနဲ့လွဲနေတယ်

အဲ့ဒါ ခင်ဗျားတို့ ရှေးအယူဝါဒနဲ့ ကောင်းကောင်းလွဲနေတယ်၊ . . . (မှန်ပါ)။ သဘောကျလား၊ . . . (ကျပါတယ်)။ ကဲ ဒီဘက်က ရှေ့ပိုင်းကချုပ်တာလေးဘယ့်နှယ်ဆိုကြမလဲ၊ . . . (ဝေဒနာနိရောဓာပါ)။ ကဲ-နောက်ပိုင်းက မဂ်ပေါ်တာ ဘယ့်နှယ်ဆိုကြမလဲ၊ . . . (တဏှာနိရောဓော)။ သဘောပါလား၊ . . . (ပါပါတယ်)။

ဪ တဏှာနိရောဓော တို့ဘုရားရှိခိုးတဲ့အထဲရွှတ်ပြီး သကာလ, နေလိုက်ကြတာဘာမှမပေါ်ဘဲနဲ့ရွှတ်နေတယ်၊ . . . (မှန်ပါ)။ ဘာမှမပေါ်ဘဲနဲ့ ရမ်းရွှတ်တာဘဲ - ဒီဥစ္စာ၊ . . . (မှန်ပါ)။ သဘောကျလား၊ . . . (ကျပါတယ်)။

ကိုယ့်သန္တာန် -ခင်ဗျားတို့သန္တာန် မဂ်ပေါ်မှသာလျှင် တဏှာနိရောဓောဖြစ်တော့မယ်ပေါ့၊ . . . (မှန်ပါ)။ မဂ်မပေါ်ခဲ့သော်၊ . . . (တဏှာနိရောဓော မဖြစ်နိုင်ပါဘုရား)။ မဖြစ်နိုင်ဘူးဆိုတော့ ဟိုက အဲ့ဒီတော့ စာပြဘဲဖြစ်မှာဘဲ၊ . . (မှန်ပါ)။ အလုပ်သဘောနဲ့တော့၊ . . . (မဖြစ်ပါဘူး)။

www.dhammadownload.com



ဒါဖြင့် ဘုရားသခင်ကိုယ်တော်မြတ်ကြီးက- ခုနကဟော ဒီဝေဒနာက္ခန္ဓာ၊ ဝေဒနာက္ခန္ဓာ၏ ဒကာ ဒကာမတို့ ချုပ်ပျောက်မှုကလေးဆိုတော့၊ . . . (မှန်ပါ)။ သဘောကျလား၊ . . . (ကျပါတယ်)။

ဝေဒနာက္ခန္ဓာ၏ ချုပ်ပျောက်မှုကလေး တစ်လုံးကို ခင်ဗျားတို့က နားထောင်ပါ၊ (မှန်ပါ)။ ဩော် ဒါဖြင့် ရှစ်လုံးလောက် ရှိပါလား၊ ဝေဒနာက္ခန္ဓာ၏ချုပ်ပျောက်မှုကလေး ဒို့ကြည့်ရမယ်၊ . . . (မှန်ပါ)။ ဆိုတော့ ရှစ်လုံးလောက်မနေဘူးလား၊ . . . (နေပါတယ်)။

အဲ့ဒီရှစ်လုံးလောက်ကို ဒါလေးချုပ်ပျောက်မှုကလေးကို ဒို့ကြည့်ရလိမ့်မယ်ဆိုပြီး ခင်ဗျားတို့ကြည့်ပေး၊ . . . (မှန်ပါ)။ ထိုကဲ့သို့ ကြည့်ပေးလို့ရှိရင် ဟောဒီတစ်လုံးတည်းနဲ့ ဝိပဿနာ မဂ္ဂရေညာဏ်ဆုံးတယ်ကွတဲ့၊ ဘုရားက (မှန်ပါ)၊ သဘောကျလား (ကျပါတယ်ဘုရား)။ တရားဆုံးတယ်ကွတဲ့, အားလုံးကောသဘောပါကြလား၊ . . . (ပါပါတယ်)။

ကဲ- ပြန်ရွတ်ပါခင်ဗျားတို့ ဟောဒီကိုယ့်သန္တာန်မှာ အင်း-နားထဲကနေကြားကောင်းတာလေးဆို ဘာဝေဒနာပေါ်လဲ၊ . . (သုခဝေဒနာပေါ်ပါတယ်)။ အင်း ကြားကောင်းတာလေးဆို သုခဝေဒနာပေါ်ပြီ၊ . . (မှန်ပါ)။ အဲ့ဒါလေးက ဖျတ်ခနဲဆို ဝိပရဲ့

www.dhammadownload.com



ဏာမသဘောမပြောဘူးလားသူ၊ . . . (ပြောပါတယ်)။ချုပ်သွားတယ်၊ . . . (မှန်ပါ)။

## ကိုယ့်ဉာဏ်အောက်ချုပ်သွားမှအမှန်ယူ

ချုပ်သွားတော့ သူ့ဘယ်လိုဆိုကြမယ် . . . (ဝေဒနာနိရောဓော) ။ အင်းသူချုပ်သွားတော့ သူ့ဟာသူချုပ်သွားတာကို ဝေဒနာနိရောဓောလို့မဆိုနဲ့ . . . (မှန်ပါ)။ ကိုယ့်ဉာဏ်အောက်ချုပ်သွားမှ ဝေဒနာနိရောဓာ၊ . . (မှန်ပါ)။ ဟုတ်လား၊ . . . (မှန်ပါ)။ အဲ့ဒီတော့ ကိုယ့်ဉာဏ်အောက်ချုပ်သွားမှသာလျှင် ကိုယ့်ဉာဏ်ကပေါ်လာလို့ တဏှာနိရောဓော ဖြစ်မှာ၊. . . (မှန်ပါ)။ သဘောကျလား၊ . . . (ကျပါတယ်)။

သူ့ဟာသူချုပ်ပြီးသကာလ အစဉ်အတိုင်းချုပ်နေတာကတော့ဖြင့် " ဒုက္ခက္ခန္ဓသ " ဒုက္ခအစုကြီးဖြစ်နေတာလို့သာမှတ်ပါ . . . (မှန်ပါ)။ သဘောကျလား၊ (ကျပါတယ်)။ အခုဉာဏ်အောက်မှာရှုလိုက်လို့ချုပ်သွားတာကျတော့၊ ဝေဒနာနိရောဓာ၊ . . . (တဏှာနိရောဓော)။ တဏှာနိရောဓော၊ သဘောကျလား၊ . . . (ကျပါတယ်)။

သူ့ဟာသူဝေဒနာချုပ်ပြီး၊ အင်းဝေဒနာချုပ်ပြီး၊ တဏှာဖြစ်တယ်၊ တဏှာချုပ်ပြီး ဥပါဒါန်ဖြစ်တာက ခင်ဗျားတို့သေသေချာချာမှတ်ပါ၊ သံသရာလည်တာလို့မှတ်ပါ၊ . . . (မှန်ပါ)။

www.dhammadownload.com



သဘောကျလား၊ . . . (ကျပါတယ်)။ ဝေဒနာချုပ်ပြီး, တဏှာပေါ်တာဘယ့်နှယ်ဆိုကြ၊ . . . (သံသရာလည်တာပါ)။ တဏှာချုပ်ပြီး ဉပါဒါန်ပေါ်တာကတော့ (သံသရာလည်တာပါ) သံသရာလည်တာတွေဒါတွေက၊. . . (မှန်ပါ)။ ဉပါဒါန်ချုပ်ပြီး ကံပေါ်တာတွေ၊ . . . (သံသရာလည်တာပါ)။ နို့သံသရာပြတ်မှ မဟုတ်ပဲ ခင်ဗျားတို့ (မှန်ပါ) ဒါဖြင့် ခင်ဗျားတို့က ဒီဉာဏ်ကလေးနဲ့ ဝေဒနာလေး ချုပ်တာကို မြင်အောင်ကြည့်မှသာလျှင် ပါဠိရွတ်ပါ (ဝေဒနာနိရောဓာ) ဆို၊ (တဏှာနိရောဓော) ဒါဖြင့် ဝေဒနာနိရောဓာ တဏှာနိရောဓောဆိုတဲ့ နောက်ပါဠိတော်ဟာ အလုပ်သမားအတွက်ပဲ . . . (မှန်ပါ)။ သဘောကျလား၊ . . . (ကျပါတယ်)။

နောက်ပါဠိတော်ဟာ၊ . . . ( အလုပ်သမားအတွက်ပါ)။ အရင်ပါဠိတော်က- သံသရာခရီးက ဒီလိုလည်နေတယ်လို့ သံသရာ သံသရာ့ ခရီးသည်ကို ဟောတာ၊ . . . (မှန်ပါ)။ ဝေဒနာပစ္စယာ၊. . . (တဏှာ)၊ တဏှာပစ္စယာ . . . (ဉပါဒါန်) အင်း-သူလဲ ချုပ်တော့ ဝေဒနာချုပ်ပြီးမှ တဏှာပေါ်တာဘဲ (မှန်ပါ)။

## အလုပ်လုပ်တဲ့ပုဂ္ဂိုလ်ကို ဟောနည်း

တဏှာချုပ်ပြီးမှ၊ . . . (ဉပါဒါန်ပေါ်ပါတယ်)။ ဉပါဒါန်ချုပ်ပြီးမှ၊ . . . (ကံပေါ်တယ်)၊ ကံပေါ်တော့ အဲ့ဒါ သံသရာခရီး

www.dhammadownload.com



သည်ဟာ ဒီလိုလည်ရတယ်ကွ . . . (မှန်ပါ) ဒါ အလုပ်မလုပ်တဲ့ ပုဂ္ဂိုလ်ဟောတာ . . . (မှန်ပါ) အလုပ်လုပ်တဲ့ ပုဂ္ဂိုလ်ကို ဟောနည်းက ဒီဝေဒနာကလေးကို ဒကာ ဒကာမတွေက ပေါ်တိုင်းပေါ်တိုင်းသာ အပျက်ကလေးတွေ အင်း မရှိဘူး မရှိဘူး မရှိဘူးလို့သာ သိအောင်လုပ်နေတဲ့ပုဂ္ဂိုလ်ကျတော့ ဒါလေး ဘယ့်နှယ် ရွတ်ကြမယ်၊ မရှိတာလေး ဘယ့်နှယ်ရွတ်ကြမယ်၊ . . . (ဝေဒနာ နိရောဓော) သိတာကလေး ဘယ့်နှယ်ရွတ်မယ်၊ . . . (တဏှာ နိရာဓော) ကောင်းကောင်းသဘောပါပြီလား . . . (ပါပါတယ်)။

အဲ့ဒီလို ဝေဒနာနိရောဓာ၊ တဏှာနိရောဓော ဆိုတဲ့ ဥစ္စာ ခင်ဗျားတို့ စာဆိုမမှတ်ပါနဲ့ ရှုတဲ့ပုဂ္ဂိုလ်ကို ဆိုတာပါ။ . . . (မှန်ပါ) သဘောကျလား (ကျပါတယ်) စာဆိုလား , ရှုတဲ့ပုဂ္ဂိုလ်များ၊ . . . (ရှုတဲ့ပုဂ္ဂိုလ်ပါ)။

အဲ-ရှုတဲ့အခါကျတော့ တဏှာ နိရောဓာ ဖြစ်သွားတော့ မောင်နိုင်က စဉ်းစား၊ ကိုမြင့်ကစဉ်းစား၊ ဩော် တဏှာနိရောဓာ ဖြစ်ပြီးလို့ရှိရင် ဒီအခိုက်အတန့် ဥပါဒါန နိရောဓောကော . . . (ဖြစ်ပါတယ်) ကမ္မဘဝနိရောဓော . . . (ဖြစ်ပါတယ်) ဇာတိနိရောဓော၊ . . . (ဖြစ်ပါတယ်)။ ဇရာမရဏနိရောဓော၊ . . . (ဖြစ်ပါတယ်)။

www.dhammadownload.com



## ဝိပဿနာဉာဏ်မှာဆုံးတဲ့ပုဂ္ဂိုလ်

တစ်ခါတည်း မဂ်ဆိုက်သွားပြီ . . . (မှန်ပါ) အင်မတန် သဘောပါပါတယ် ဒကာဒကာမတို့ ဒါ ကျေနပ်ပြီလား . . . (ကျေနပ်ပါတယ်)။

ဩော်-ဒါဖြင့် သူ့ကို ဘုရားက ဒီရှစ်လုံး ဒါလေးဟာ ဒါစကား ပြောရင် ရှစ်လုံးသုံးရမှာပေါ့လေ၊ . . . (မှန်ပါ) ဒါလေး ကို ဒီလိုရှုနေတဲ့ ပုဂ္ဂိုလ်ကျတော့ကိုးတဲ့ ဗဟုသုတမွေ့ရေ၊ ဝိပဿ နာဉာဏ်မှာ ဆုံးတဲ့ပုဂ္ဂိုလ်လို့ ငါဘုရားဟောလိုက်တယ်တဲ့ . . . (မှန်ပါ) သဘောကျလား . . . (ကျပါတယ်)။

## မဂ်ဆိုက်တဲ့ပုဂ္ဂိုလ်

ဒါဖြင့် ဖြစ်ပျက်မြင်တဲ့ ပုဂ္ဂိုလ်ဟာ ဝိပဿနာဉာဏ်အဆုံး၊ . . . (မှန်ပါ)၊ ဖြစ်ပျက်နေပြီး ၎င်းဖြစ်ပျက်ဟာ ဉာဏ်ရင့်လာလို့ ဩော် ဒီဒုက္ခထက်ကြီးတာ မရှိဘူး၊ ဤဒုက္ခဟာ ဤမျှဘဲ ဒီ့ထက် ကြီးတဲ့ဒုက္ခမရှိဘူး ဒီလိုများ ဆုံးဖြတ်ချက်ချလို့ရှိရင်ဖြင့် သုတဝါ နိဗ္ဗေဓိကပုဂ္ဂိုလ်၊ . . . (မှန်ပါ) အကြားအမြင်များပြီး မဂ်ဆိုက်တဲ့ ပုဂ္ဂိုလ် . . . (မှန်ပါ) ဒီကျအောင် တက်လိုက်ပါ၊ . . . (မှန်ပါ)။ သဘောကျလား . . . (ကျပါတယ်)။

ကိုင်း-ဒါဖြင့် ဒကာဒကာမတို့ ဒါလေးဖြစ်နေတာ မမြင် ဘဲနဲ့ ပျောက်သွားပြီ ဝေဒနာလေးပျောက်သွားပြီ ဘယ်ဝေဒနာ

www.dhammadownload.com



မဆို ပျောက်သွားပြီ မရှိဘူး မရှိဘူးသိတာ ဘာခေါ်မလဲ . . . (တဏှာနိရောဓေါ) အင်း သိတာလေးသိတဲ့စိတ် ဘာခေါ်ကြမလဲ . . . (တဏှာနိရောဓေါ) ဩော် သိတဲ့စိတ်ဟာ တဏှာချုပ်စေတဲ့ စိတ်ပါလား . . . (မှန်ပါ) သိတဲ့စိတ် ဘယ့်နှယ်ဆိုကြမယ် . . . (တဏှာချုပ်စေတဲ့စိတ်ပါဘုရား)။

တဏှာချုပ်စေတဲ့စိတ်ဆိုတော့ ဩော် တဏှာကလဲ ကိလေသေ မာရေန္တော့ဆိုတဲ့အတိုင်း ကိလေသာတည်းဟူသော ဇရာကို မာရေန္တော သတ်တာမဂ်ပဲ . . . (မှန်ပါ) မဆိုနိုင်သေးဘူးလား . . . (ဆိုနိုင်ပါတယ်) ကိလေသာ သတ်တာ ဘာဆိုကြ . . . (မဂ်ပါ)။

ဒါဖြင့် ဒီဥစ္စာ ဒကာဒကာမတို့ ဒီမဂ်အရင်းက သွားလို့ ရှိရင်ဖြင့် ဒကာဒကာမတို့ သိတဲ့အတိုင်း ဒုက္ခသစ္စာကို ပိုင်းခြားမည့်မဂ်၊ . . . (မှန်ပါ)။ အခုတော့ဖြင့် ဝေဒနာနိရောဓာ တဏှာနိရောဓော မဂ် . . . (မှန်ပါ)။

ဩော် သစ္စာကျအောင် သူသည် ပိုင်းခြားလာတဲ့အခါကျတော့ကိုး ဒကာဒကာမတို့ ဝိပဿနာမဂ် မဟုတ်တော့ဘူး၊ လောကုတ္တရာမဂ်ဖြစ်သွားပြီ . . . (မှန်ပါ)၊ ဝေဒနာနိရောဓာ၊ . . . (တဏှာနိရောဓော)။ ဝိပဿနာမဂ်၊ . . . (မှန်ပါ) ရှင်းပြီလား (ရှင်းပါတယ်)။

ကောင်းပြီ ဒါဖြင့် ဝိပဿနာမဂ် ဖြစ်သွားတော့ကို ဒီ ဝိပဿနာမဂ်ဟာ ဘယ်ကျအောင် တပည့်တော် သွားရမှာတုံး

www.dhammadownload.com



လို့ မေးဖို့ မလိုဘူးလား . . . (လိုပါတယ်)။ အို ဒီဥစ္စာ ဘယ်ကျ အောင် သွားမနေနဲ့ မင်း-ဟောဒီအတိုင်းသာရှုနေ ဝေဒနာနိရောဓာ တဏှာနိရောဓော ဖြစ်အောင်သာလုပ်နေ သဘောကျလား . . . (ကျပါတယ်)။

အင်း-မင်းဟာ မင်းသာနေ့တိုင်းလုပ်နေ၊ ခဏခဏ လုပ်နေ ထိုကဲ့သို့လုပ်နေခဲ့သည်ရှိသော် ဒီဥစ္စာသည် တစ်ခါဒီဖြစ် တာကတော့ ဝေဒနာနိရောဓာ တဏှာနိရောဓောမှတစ်ပါး ပိုမဖြစ်ဘူး . . . (မှန်ပါ)။

## ဉာဏ်ကတော့ ပြောင်းရင်ပြောင်းမယ်

ဉာဏ်ကတော့ ပြောင်းရင်ပြောင်းသွားလိမ့်မယ်၊ အပျက် ကလေးမြင်တယ်၊ အဖြစ်မြင်တယ်၊ မုန်းလာတယ်၊ ပြောင်းချင် ပြောင်းပေ့ါ၊ . . . (မှန်ပါ)။ ပါဠိတော်က မပြောင်းနဲ့. . . (မှန်ပါ)၊ ပါဠိတော်က ဝေဒနာ၊ . . . (နိရောဓာ)။ ပြီးတော့ကော (တဏှာ နိရောဓော) ပါဠိတော်က ဒါဘဲရှိတယ်၊ . . . (မှန်ပါ)။ သဘော ကျလား . . . (ကျပါတယ်)။

## ပဋိစ္စသမုပ္ပါဒ်က ဒါဘဲရှိတယ်

အဲ့ဒီလို သိထားတော့မှ ဩော် ကိုယ်ကဘယ်လိုဘဲ ပြောင်းပြောင်း ပဋိစ္စသမုပ္ပါဒ်က ဒါဘဲရှိတယ်ဆိုတော့ ဝိပဿနာ

www.dhammadownload.com



ဉာဏ်အဆုံးလို့ ဘုရားဟောလိုက်တဲ့ ဥစ္စာ ဝေဒနာနိရောဓ တဏှာနိရောဓဆိုတော့ ဝိပဿနာဉာဏ်ဖြင့် ဆုံးပေါ့ကွ၊ . . . (မှန်ပါ) ဒါ့ကြောင့် သူ့ကို ဗဟုသုတ ဓမ္မရေပုဂ္ဂိုလ်လို့ ဆိုလိုက်ပါတယ် (မှန်ပါ) သဘောကျလား၊ . . . (ကျပါတယ်)။

နောက်ကျတော့ ဒကာဒကာမတွေက တက်, သုတဝါ နိဗ္ဗေဓိကပုဂ္ဂလော၊ သုတဝါ၊ အကြားအမြင်ရှိရင် နိဗ္ဗေဓိကပုဂ္ဂလော၊ ထိုအဝိဇ္ဇာတည်းကို ထိုးထွင်းနိုင်တယ်ဆိုတော့ ဒီဥစ္စာ **အရင်တုန်းကတော့ အပျက်တွေ မြင်တုန်းက ဒုက္ခသစ္စာကိုမမြင်** သေးဘူး . . . (မှန်ပါ) သဘောကျလား . . . (ကျပါတယ်)။

## မဂ်စစ်မဖြစ်သေးဘူး

"အင်း-ဒုက္ခသစ္စာ တကယ်တော့ မပိုင်းခြားနိုင်သေးဘူး ပေါ့လေ . . . (မှန်ပါ) သူကတော့ ဒုက္ခသစ္စာတော့ဟုတ်ကဲ့ ကိုယ့်ဉာဏ်က မပိုင်းခြားနိုင်သေးဘူးပေါ့လေ၊ . . . (မှန်ပါ) အဲ့ဒါကြောင့် ဥဒယ, ဘင်, ဘယ, အာဒီနဝ, နိဗ္ဗိန္ဒိကဆိုတာ သစ္စာနဲ့ အဝေးကြီး ကျန်သေးတယ်၊ . . . (မှန်ပါ) ဒါ့ကြောင့် မဂ်စစ်မဖြစ်ဘူး၊ ဝိပဿနာမဂ်ပဲဖြစ်နေတယ် . . . (မှန်ပါ) သဘောကျလား . . . (ကျပါတယ်)။

ကဲ-နောက်ဆုံးပိတ် တစ်နေ့ကျလာတော့ ဒီဥစ္စာရင့်လာပြီဆိုတော့ ဒကာဒကာမတို့ ဤဒုက္ခ, ဒုက္ခဒီမျှလောက်ပဲ ဒီထက်

www.dhammadownload.com



ကြီးတဲ့ဒုက္ခ မရှိဘူး၊ ခဏာခဏ ခန္ဓာကိုယ်က ဝေဒနာကခန္ဓာ တစ်ကိုယ်လုံးဟာ ဒုက္ခချည်းဘဲလို့ ဒီလိုဆိုတော့ ဒီကြားထဲမှာ အဝိဇ္ဇာ ဒီထုကြီးဟာ ခုနက သုတဝါ နိဗ္ဗေဓိကပုဂ္ဂလောဆိုပြီး တော့ မဂ္ဂင်ရှစ်ပါးဖြစ်အောင် တက်နိုင်တဲ့ပုဂ္ဂိုလ်ကျတော့ အဝိဇ္ဇာ ထုကြီးကို ဖောက်ချလိုက်တယ်၊ . . . (မှန်ပါ)။ ဖေါက်ချလိုက် တော့ ဒုက္ခအစစ်တွေ မပေါ်ပေဘူးလား . . . (ပေါ်ပါတယ်) အဲ့ဒီ လို ပေါ်တဲ့အခါကျတော့ သုတဝါ နိဗ္ဗေဓိက ပညောဆိုတာ အဲ့ဒါ မဂ်ပုဂ္ဂိုလ် ငါဟောတာကွတဲ့ . . . (မှန်ပါ) သဘောကျလား . . . (ကျပါတယ်)။

## ဗဟုသုတဓမ္မဓရပုဂ္ဂိုလ်

အင်းတဲ့-ဗဟုသုတ ဓမ္မဓရပုဂ္ဂိုလ်ဆိုတာ ဝိပဿနာ ဉာဏ် အဆုံးလိုက်တဲ့ပုဂ္ဂိုလ်ဆိုတာ . . . (မှန်ပါ) ရှင်းပြီလား . . . (ရှင်းပါတယ်) ဗဟုသုတဓမ္မဓရ ဆိုတာ ဘာဆိုတာပါလိမ့် . . . (ဝိပဿနာဉာဏ်အဆုံးကို ဆိုတာပါ)။ ဝိပဿနာဉာဏ် အဆုံးကို ဆိုတယ် . . . (မှန်ပါ)။

## သုတဝါနိဗ္ဗေဓိကပုဂ္ဂိုလ်

သုတဝါ နိဗ္ဗေဓိကပုဂ္ဂိုလ်ဆိုတာက ဘယ်လိုဟာတုံး . . (မဂ်ပုဂ္ဂိုလ်)။ မဂ်ဆိုက်တဲ့ မဂ္ဂင်ရှစ်ပါးပြည့်တဲ့ပုဂ္ဂိုလ်ကို

www.dhammadownload.com



ငါဟောပါတယ်ဆိုတာကော သဘောကျလား . . . (ကျပါတယ်)။

ဒါဖြင့် ဒကာဒကာမတို့ ဒီဖြစ်ပျက်ကို မြင်အောင်ချည်း ရှုနေ သူ့ဟာသူ ဉာဏ်တက်သွားလိမ့်မယ် . . . (မှန်ပါ) ခင်ဗျားတို့က ဘာမှ တက်ဖို့မလိုဘူး . . . (မှန်ပါ) ဆရာက တက်ပေးလို့လဲ မရဘူး . . . (မှန်ပါ) ခင်ဗျားတို့ကလဲ မတက်နဲ့ . . . (မှန်ပါ) သူ့ဟာသူ ဉာဏ်ရှိန်အတိုင်း အမြင်ထူးလာလိမ့်မယ် . . . (မှန်ပါ)။

## ဘယ်ကျမှ အမြင်ဆုံးမှာတုံး

ဘယ်ကျမှ ငါ့အမြင်ဆုံးပါလိမ့်မတုံးဆိုတော့ သစ္စာပိုင်းခြားနိုင်တဲ့ ဒါဟာဖြင့် ဒုက္ခသစ္စာ ရေမရောဘူးလို့ ဆုံးဖြတ်ချက်ချတဲ့ ဉာဏ်ကျလို့ရှိရင် ကိစ္စပြီးပြီ အောက်မေ့ပေတော့ . . . (မှန်ပါ) သဘောကျလား . . . (ကျပါတယ်)။

ဒီနေ့ အလုပ်သမားအတွက်ချည်းဘဲ ဟောတယ်ဆိုတာ ကျေနပ်ပြီလား (ကျေနပ်ပါတယ်)။

ကဲ ယနေ့ ဒီတွင် တော်ပါဦး . . . . ။

သာဓု . . . သာဓု . . . သာဓု။